# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောကြန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့်ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၃ ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ စနေနေ့ အတွဲ (၅၇)၊ အမှတ် (၃၅၅)


## လုပ်ငန်းစဉ်ကြီး (၃) ရပ်

**နိုင်ငံတည်ဆောက်ရေး၊ ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး**

❖ လက်ရှိအချိန်သည် အေးချမ်းတည်ငြိမ်ပြီး ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်ဖြစ်လာစေရန် ပြန်လည်တည်ဆောက်နေရသည့်ကာလဖြစ်ပါသည်။

❖ တစ်ချိန်တည်းမှာပင် နိုင်ငံလွတ်လပ်ရေးရရှိပြီးကတည်းက မျှော်မှန်းခဲ့ကြသည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများကို ရရှိစေပြီး နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေး တရားမျှတမှုစသည့် အခွင့်အရေး သာတူညီမျှဖြစ်သည့်၊ ဝါဒရေးရာအရဖြူစင်သည့်၊ အားလုံးအမြတ်တနိုးပိုင်ဆိုင်ထားသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်နေရခြင်း ဖြစ်ပါသည်။

❖ ထို့အပြင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှသည် ဒီမိုကရေစီရင့်သန်ခိုင်မာသည့်အဆင့်သို့ ရောက်ရှိအောင်ကြိုးပမ်း နေရဆဲလည်းဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကြီး သုံးရပ်လုံးသည် တစ်ခုပြီးမှတစ်ခုဆိုသလို ချန်လှပ်ထား၍မရဘဲ တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး ကြိုးပမ်းဆောင်ရွက်နေရခြင်း ဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထိုင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Jukr Boon- Long အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ- ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Jukr Boon- Long အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

သတင်းစဉ်

## ဆိုင်ကလုန်းမုန်တိုင်း “ဒရယ်” ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း “ဒရယ်” (DAYE) သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ဂိုလ်ပါပူ (Gopalpur) မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။

အဆိုပါကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ **မိုး/ဇလ**

## အာဖဂန်နစ္စတန်စစ်ပွဲ သတင်းများပေးပို့ရင်း သေဆုံးရသည့် သတင်းသမားများ စံချိန်တင်မြင့်တက်


စာ - ၁၄





# ဟန်ချက်ညီမျှမှု၊ သမာသမတ်ရှိမှုနှင့် တရားမျှတမှု ကင်းမဲ့သည့် အစီရင်ခံစာ

လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေးအဖွဲ့က ထုတ်ပြန်လိုက်သည့် စာမျက်နှာ ၄၄၀ ပါ အစီရင်ခံစာသည် မျှော်လင့်ထားသည့်အတိုင်းပင် ဟန်ချက်ညီမျှမှု၊ သမာသမတ်ရှိမှု၊ တရားမျှတမှုတို့ ကင်းမဲ့စွာဖြင့် စက်တင်ဘာ ၁၈ ရက်က ထွက်ပေါ်လာခဲ့သည်။

အဆိုပါ မစ်ရှင်ဖွဲ့စည်းမှု၊ ရခိုင်ပြည်နယ်သို့ စေလွှတ်ရန် စီစဉ်မှုတို့သည် မတူကွဲပြားသည့် လူမှုအသိုင်းအဝိုင်းများကြားတွင် ရန်လို မုန်းတီးမှုများကို တိုးမြင့်ဖြစ်ပေါ်စေနိုင်ပြီး မိမိတို့ တည်ဆောက်လိုသည့် ဒေသတွင်း အချင်းချင်း အပြန်အလှန် ယုံကြည်နားလည်မှုနှင့် သဟဇာတရှိရှိ အတူယှဉ်တွဲနေထိုင်နိုင်မှုကို အထောက်အပံ့ပေးနိုင်မည်ဟု မယုံကြည်ကြောင်း၊ လူမှုအဖွဲ့အစည်း နှစ်ဖက်လုံးတွင် ရှိနေသည့် ကြောက်ရွံ့စိတ်များကိုလည်း ဖယ်ရှားပေးနိုင်မည်ဟုလည်း မိမိတို့မခံစားရကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ပသတင်းဌာနတစ်ခု၏ တွေ့ဆုံမေးမြန်းမှုကို စောစောပိုင်းကပင် ဖြေကြားထားခဲ့ဖူးသည်။

လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့ **(FFM)** ကို ၂၀၁၇ ခုနှစ် မတ်လတွင် စတင်ဖွဲ့စည်းစဉ်ကပင် ယင်းအဖွဲ့သည် မိမိတို့အစိုးရက အားထုတ်ကြိုးပမ်းဆောင်ရွက်နေရသည့် နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူမပြုဘဲ အဟန့်အတား၊ အရှုပ်အထွေးများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လက်မခံခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံတွင် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ **(FFM)**နှင့် အပြန်အလှန်ဆွေးနွေးမှုတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းက တုံ့ပြန်ပြောကြားခဲ့ရာ၌ အစီရင်ခံစာ၏ သမာသမတ်ကျမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုတို့အပေါ် မေးခွန်းထုတ်ရန် သိသာထင်ရှားသော အကြောင်းပြချက်များစွာရှိကြောင်း ထောက်ပြခဲ့သည်။ အစီရင်ခံစာပါ အချက်များက မြန်မာနိုင်ငံမှ တိုင်းရင်းသားလူမျိုးများအကြား အထင်အမြင်လွဲမှားမှုကို ဖြစ်ပေါ်စေကြောင်း၊ ပေါင်းစည်းညီညွတ်ရေးကို အားပေးရမည့်အစား တိုင်းရင်းသားလူမျိုးများအကြား သဘောထားကွဲလွဲစေပြီး နိုင်ငံပြိုကွဲရေးကို အားပေးနေသည့်သဘော သက်ရောက်နေကြောင်း ဝေဖန်ပြောကြားခဲ့သည်။ အစီရင်ခံစာရေးသားသူတို့ ရွေးချယ်ကာ တွေ့ဆုံမေးမြန်းခဲ့သည့် ကော့ဘဇားရှိ လူတစ်စုတစ်ဖွဲ့၊ **NGO** များ၊ **INGO** များ၊ လူ့အခွင့်အရေးအဖွဲ့များထံမှ ရရှိသည့် အချက်အလက်များ စသည်တို့ကလည်း အမှန်တရားဟု အပြည့်အဝယုံကြည်ရန်အတွက် အားနည်းလှသည်။ **ARSA** အကြမ်းဖက်သမားတို့ စိမ့်ဝင်မြုပ်နှံနေကာ သတ်ဖြတ်ခြိမ်းခြောက်မှုများဖြင့် စဉ်ဆက်မပြတ် ခြောက်လှန့်ထားသောနေရာမှ ရရှိလာသော အပြောသက်သက်စကားများကိုသာ အခြေခံ၍ ဆက်လက်စွပ်စွဲနေခြင်းဖြစ်ပြီး ခိုင်လုံသော သက်သေအထောက်အထားများမှာမူ ၁၅ လကြာမျှ စုံစမ်းစစ်ဆေးခဲ့သည်ဆိုသော အစီရင်ခံစာတွင် ဖော်ပြနိုင်ခြင်းမရှိပေ။ အချက်အလက် ရှာဖွေရေးမစ်ရှင်သည် ၎င်း၏လုပ်ငန်းကို လုပ်ဆောင်ရာတွင် အမှန်တရားကို ဓမ္မဓိဋ္ဌာန်ကျကျ၊ ဆင်ခြင်တုံတရားဖြင့် ရှာဖွေခြင်းထက် တင်ကြိုချမှတ်ထားသည့် ကောက်ချက်များ သို့မဟုတ် စွပ်စွဲချက်များအတွက် အထောက်အပံ့ဖြစ်နိုင်မည့် အချက်အလက်များကိုသာ ရနိုင်သည့်နေရာမှ ယူခဲ့ခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းကမူ “ ကြီးမားသည့်ဖိအားများ ပေးခံရမှုကြောင့် **FFM** အနေဖြင့် ၎င်းတို့ ယုံကြည်လိုသောအချက်များကိုသာ အစီရင်ခံစာတွင် ဖော်ပြပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်ကိုပင် လမ်းလွဲစေနိုင်သည့် အန္တရာယ်ရှိသော ကောက်ချက်များ အလျင်စလိုချမှတ်ထားသည်ကို တွေ့ရကြောင်း ” တုံ့ပြန်ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံတော်သည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ ယနေ့ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေအရပ်ရပ်တို့အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက ပြစ်တင်ဝေဖန်ခြင်း၊ ဖိအားပေးခြင်းထက် အပြုသဘော ဝိုင်းဝန်းကူညီခြင်းကသာ ရလဒ်ကောင်းများ ပေါ်ထွက်နိုင်မည် ဖြစ်ပါကြောင်း။ ။

# ပြည်ပဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ စေလွှတ်သော ပညာတော်သင်ရဟန်းသံဃာများအနေဖြင့် ပြည်ပရေးရာအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၁**

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ပြည်တွင်း၌သာမက ပြည်ပသို့တိုင် ပြန့်ပွားစေရန်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ပြည်ပသာသနာပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပညာရေးအဖွဲ့ငယ်၏ လက်အောက်တွင် ပြည်ပရေးရာအဖွဲ့ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်ဖွဲ့စည်းခဲ့သည်။

သို့ဖြစ်၍ ပြည်ပနိုင်ငံများရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စေလွှတ်သော ပြည်ပထေရဝါဒဗုဒ္ဓသာသနာပြု သံဃာတော်များအနေဖြင့် ပြည်ပရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကူအညီလိုအပ်လာပါက ပြည်ပရေးရာအဖွဲ့၏ website ဖြစ်သည့် www.mahana.org.mm (မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။) G-email ဖြစ်သည့် tharwi2016@gmail.com နှင့် ဒေါ်မိုးမိုးစန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ပရေးရာအဖွဲ့၊ ဖုန်းနံပါတ် ၀၉-၂၅၅၉၈၁၈၅၇၊ ၀၉-၇၃၁၃၂၃၀၂၊ ပြည်ပရေးရာရုံးအဖွဲ့ ၀၁- ၆၆၁၀၇၄၆ (ဖုန်း၊ဖက်စ်)တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန် ဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ (Panel Discussion on Making Good Movie: Pre-Production) ကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ “ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ” (Film Development Centre) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရာတွင် အတွေ့အကြုံများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



၂၁-၇-၂၀၁၈ ရက်နေ့က ဖွင့်လှစ်ခဲ့သော ရန်ကုန်မြို့ရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို တွေ့ရစဉ်။

# ကလေးစာပေပွဲတော်ကို ဖလမ်းမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဖလမ်း စက်တင်ဘာ ၂၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဖလမ်းခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် (ဖလမ်းမြို့)ကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကလေးစာပေပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

ကလေးစာပေပွဲတော်တွင် အခြေခံပညာကျောင်းများမှ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ စသည့်ပြိုင်ပွဲများ ကျင်းပ၍ ဆုများချီးမြှင့်ခြင်း၊ ပျော်ရွှင်ဖွယ်ရာဂိမ်းကစားနည်းတို့ကို ကျင်းပကာ ဆုလက်ဆောင်များပေးအပ်ခြင်း၊ ကလေးစာပေပြခန်းများ ခင်းကျင်းပြသဆောင်ရွက်ပေးခြင်း၊ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ပြသရောင်းချပေးခြင်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ကလေးစာပေပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီမှ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးရှိန်းတမ်က ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများရရှိလာစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါပြည့်ဝ၍ အနာဂတ်တွင် မိမိတိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန်ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒေသအတွင်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ခရိုင်အဆင့် ကလေးစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ ပို့စကတ်ပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပို့စကတ်ပြိုင်ပွဲကို “တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ” ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းထားသည့် ပို့စကတ်များဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စည်းကမ်းချက်များအနေဖြင့် ပြိုင်ပွဲဝင်ပို့စကတ်အရွယ်အစားမှာ ၈ လက်မ × ၁၀ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ကာ ဓာတ်ပုံအရွယ်အစား ၈ လက်မ × ၁၀ လက်မ ပို့စကတ်ကို Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ပို့စကတ်များကို ကွန်ပျူတာဂရပ်ဖစ် ဒီဇိုင်း၊ ပန်းချီ၊ ဓာတ်ပုံတို့ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယှဉ်ပြိုင်ရာတွင် တခြားသူရေးဆွဲရိုက်ကူးထားသော ပန်းချီ၊ ဓာတ်ပုံများကို မှီငြမ်းကိုးကားဖန်တီးမည်ဆိုပါက ကာယကံရှင်၏ ခွင့်ပြုချက်ပါရှိရမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်ပို့စကတ်များသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ ပန်းချီ၊ ဂရပ်ဖစ်ဒီဇိုင်းများ မဖြစ်စေရဘဲ ကိုယ်တိုင်ဖန်တီးရိုက်ကူးရေးဆွဲခြင်း သို့မဟုတ် မှီငြမ်းကိုးကားဖန်တီးရိုက်ကူးရေးဆွဲထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြိုင်ပွဲဝင်ပို့စကတ်များကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပို့စကတ်တိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ပို့စကတ်၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ကပ်ကာ တစ်ပါတည်း ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းငါးသောင်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် အထူးဆု ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ပို့စကတ်များကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၀၊ ၀၁-၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ပြီး အဆိုပါနေ့ထက် ကျော်လွန်၍ ပေးပို့လာသော ပို့စကတ်များကို ပြိုင်ပွဲဝင် ပို့စကတ်အဖြစ် လက်ခံမည် မဟုတ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယကြည်းတပ်ဦးစီးချုပ်နှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၁

**အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ်၂၀ တွင် India Gate သို့ရောက်ရှိပြီး သူရဲကောင်းဗိမာန် Amar Jawan Jyoti ၌ ဂုဏ်ပြုပန်းခွေချအလေးပြုကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။**

**ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေး**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန South Block Lawns သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

**အကျယ်တဝင့်ဆွေးနွေး**

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bipin Rawat, UYSM, AVSM, YSM, SM, VSM, ADC အား South Block ရှိ ကြည်းတပ်ဦးစီးချုပ်ရုံးခန်း၌ တွေ့ဆုံပြီး **(ယာပုံ)** နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် အိန္ဒိယ ရေတပ်၊ ဒုတိယရေတပ်ဦးစီးချုပ် Vice Chief of Navy Staff, Vice Admiral Ajit Kumar P, AVSM, VSM နှင့် တွေ့ဆုံ၍ တပ်မတော်(ရေ) နှစ်ရပ်အကြား ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များအား နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ရေး၊ အိန္ဒိယသမုဒ္ဒရာ လုံခြုံရေးအတွက် တတ်နိုင်သည့်ဘက်မှ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**နယ်စပ်ဒေသ လုံခြုံတည်ငြိမ် အေးချမ်းရေး**

ညနေပိုင်းတွင် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် South Block ၌ အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mrs. Nirmala Sithraman နှင့် တွေ့ဆုံပြီး တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ချစ်ကြည်မှု၊ လေးစားမှုအပေါ် အခြေခံ၍ လက်ရှိ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အနာဂတ်တွင် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပြင် နယ်စပ်ဒေသ လုံခြုံတည်ငြိမ်အေးချမ်းရေးအပါအဝင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် မြန်မာ့တပ်မတော်၏ ကာကွယ်ရေးမူဝါဒတို့နှင့် ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညပိုင်းတွင် မြန်မာ စစ်သံ (ကြည်း၊ ရေ၊ လေ)ရုံး၊ နယူးဒေလီမြို့မှ စစ်သံရုံးအဖွဲ့ မိသားစုများနှင့် နယူးဒေလီမြို့တွင် သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသားအရာရှိ ခုနစ်ဦးတို့အား ဟိုတယ်၌ တွေ့ဆုံသည်။

ထို့နောက် Army Battle Honours Mess သို့ ရောက်ရှိပြီး အိန္ဒိယကြည်းတပ် ဦးစီးချုပ် General Bipin Rawat နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် တရားဝင် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bipin Rawat, UYSM, AVSM, YSM, SM, VSM, ADC နှင့် တွေ့ဆုံဆွေးနွေးစဉ်။ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# မြန်မာ-ဗီယက်နမ် ကုန်သွယ်မှုနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရန်နှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး မင်္ဂလာခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် ကုန်သည်စက်မှု အသင်းချုပ်ရုံး တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ဒေဝနှင့် ဗီယက်နမ်နိုင်ငံ Vietnam - Laos - Cambodia Association for Economic Cooperation Development - VILACAED ဒုတိယဥက္ကဋ္ဌ Mr. Nguyen Thanh Hoan တို့က နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုများကို ရှင်းလင်းပြောကြားသည်။

ကုန်သည်စက်မှု အသင်းချုပ်ရုံး တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးကျော်ဒေဝက "မြန်မာနိုင်ငံမှာ မကြာသေးခင်က ပြဋ္ဌာန်းလိုက်တဲ့ ကုမ္ပဏီနဲ့ ပတ်သက်တဲ့ ဥပဒေရှိတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေရှိတယ်၊ အဲ့ဒီဥပဒေတွေရဲ့ အားသာချက်တွေကို သူတို့ကို ရှင်းပြမယ်။ ဥပမာ-ကုမ္ပဏီတစ်ခုမှာ နိုင်ငံခြားသားက ၃၅ ရာခိုင်နှုန်း ပါဝင်တယ်ဆိုရင် နိုင်ငံခြားကုမ္ပဏီအဖြစ် မသတ်မှတ်ဘဲ မြန်မာကုမ္ပဏီအနေနဲ့ သတ်မှတ်ပြီး မြန်မာကုမ္ပဏီအနေနဲ့ ရမယ့် အခွင့်အရေးတွေ ဥပဒေရဲ့ အားသာချက်တွေကို နားလည်အောင် ရှင်းပြမယ်။ သူတို့နားလည်လာရင် ရင်းနှီးမြှုပ်နှံမှုတွေ ပိုဝင်လာမှာပါ"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နိုင်ငံများစာရင်းတွင် ဗီယက်နမ်နိုင်ငံသည် အဆင့် ၇ တွင်ရှိနေကြောင်း၊ လုပ်ငန်းပေါင်း အခု ၂၀ အတွက် အမေရိကန်ဒေါ်လာ ၂၁၀၆ ဒသမ ၅၁၃ သန်း ရင်းနှီးမြှုပ်နှံထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏအားလုံး၏ ၂ ဒသမ ၇၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ကုန်သွယ်မှုတွင်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၂၅၃ သန်း၊ သွင်းကုန် ၄၀၅ ဒသမ ၇၈၃ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၅၁၀ သန်း၊ သွင်းကုန် ၅၈၇ ဒသမ ၃ သန်း၊ ယခုနှစ်တွင် ဇူလိုင်လအထိ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၁၄၈ သန်း၊ သွင်းကုန် ၁၉၀ဒသမ ၃၂၃ သန်းရှိပြီး ကုန်သွယ်မှုပမာဏ လျော့နည်းလာကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။

"ပို့ကုန် သွင်းကုန်ပမာဏ အခြေအနေကိုကြည့်ရင် မြန်မာကို ဗီယက်နမ်က တင်သွင်းတဲ့ ပမာဏများနေတာ တွေ့ရတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကထက် ကုန်သွယ်မှုပမာဏ လျော့ကျတာ တွေ့ရတယ်။ ဒါကြောင့် အပြန်အလှန် ကုန်သွယ်မှု မြင့်တက်လာအောင် နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်တွေ တွေ့ဆုံပြီး ဆောင်ရွက်နေပါတယ်"ဟု ကုန်သည်စက်မှုအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ဒေဝက ပြောသည်။

ယနေ့ကျင်းပသည့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲကို ဗီယက်နမ်နိုင်ငံ Vietnam - Laos - Cambodia Association for Economic Cooperation Development - VILACAED ဒုတိယဥက္ကဋ္ဌ Mr. Nguyen Thanh Hoan ဦးဆောင်ပြီး ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင် ၅၀ ခန့် ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဆောက်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း၊ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးထောက်ကူပြုပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ တိုင်းရင်းဆေးလုပ်ငန်း၊ အကြီးစားဆောက်လုပ်ရေး လုပ်ငန်း၊ ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်း၊ အိမ်သုတ်ဆေးလုပ်ငန်း၊ မြို့ပြလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ရေသန့်လုပ်ငန်း၊ ငှက်သိုက်လုပ်ငန်း၊ လုံခြုံရေးအဆင့်မြင့်သော့ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်လုပ်ငန်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းနှင့် ရော်ဘာလုပ်ငန်းများအစရှိသည့် လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်ပြီး နှစ်နိုင်ငံအကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-နေလင်း**






# (၅၄)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆို ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၁**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၇ နာရီမှ ၉ နာရီထိ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့ပြည်သူ့ဆေးရုံကြီး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင် ဦးစီးသည့် တပ်ဖွဲ့ဝင်မိသားစုဝင် ၅၀ တို့က ဆေးရုံဝင်းအတွင်း၊ အပြင် အမှိုက်များ၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

အလားတူ စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရွှေကျင်ကျေးရွာနှင့် ကြူတောကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းဘေး ဝဲ၊ ယာ၌ အမှိုက်များ၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ထို့အတူ ယင်းနေ့ နံနက် ၈ နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာရှိ ဆံတော်ရှင် ကျိုက္ကလွန်ပွန်းစေတီ၌ လည်းကောင်း။

နံနက် ၇ နာရီကလည်း ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**



(၅၄) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့် ဦးဆောင်သော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၆ ရက်က အထက ဘီးလင်းတွင် အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်သစ်ပင်များ ရှင်းလင်းခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)

# သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ဌာနေအစီအစဉ် (၂၀၁၈-၂၀၂၁) အကောင်အထည်ဖော်ဆောင်ရွက်ရန် MoU လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးကို အထောက်အကူပြုနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေ အစီအစဉ် (၂၀၁၈-၂၀၂၁) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။** (အောက်ပုံ)

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေအစီအစဉ်ကို ပဋိပက္ခဖြစ်ပွားနေသော၊ ဖြစ်ပွားခဲ့သော ဒေသများနှင့် ဘေးအန္တရာယ်သင့်ခဲ့သော ဒေသများရှိ ထိခိုက်လွယ်သောပြည်သူတို့အပါအဝင် လူတိုင်းသင့်လျော်ကောင်းမွန်သော အလုပ်အကိုင်နှင့် စဉ်ဆက်မပြတ် စွန့်ဦးတီထွင် စီးပွားရေးလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းအုပ်ချုပ်မှုဖြင့် လုပ်ငန်းခွင် အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများအား လိုက်နာကျင့်သုံးမှုကို အားကောင်းလာစေရန်နှင့် အားလုံးအတွက် အထူးသဖြင့် ထိခိုက်လွယ်သော အလုပ်သမားများနှင့် ပြည်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလွှမ်းခြုံမှုတိုးချဲ့နိုင်ရန် စသည့်ဦးစားပေးနယ်ပယ်သုံးရပ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများနှင့် အနီးစပ်ဆုံးချိန်ညှိရေးဆွဲထားကြောင်း၊ ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDGs) များနှင့် ချိတ်ဆက်ထားသောကြောင့် လူငယ်နှင့်အရွယ်ရောက်သူများ၏ နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အသွေးများ စဉ်ဆက်မပြတ် တိုးတက်စေမည်ဖြစ်ကြောင်း၊ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များရရှိပြီး လူမှုကာကွယ်စောင့်ရှောက်ရေး တိုးတက်ရရှိမှာဖြစ်ကြောင်း၊ လုပ်ငန်းခွင်အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများ လိုက်နာကျင့်သုံးမှုအားကောင်းလာရာမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် အခမ်းအနားတွင် ILO ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines မှ နှုတ်ခွန်းဆက်စကားပြောကြားပြီး ILO ဆက်သွယ်ရေးအရာရှိ Mr. Rory Mungoven မှ အစီအစဉ်စတင် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ILO ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ကိုယ်စားလှယ်သုံးဦးနှင့် အလုပ်ရှင် ကိုယ်စားလှယ်သုံးဦးတို့မှ MoU လက်မှတ်ရေးထိုးခဲ့ကြပြီး အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်တို့မှ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သံရုံးများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အစီအစဉ် အကောင်အထည်ဖော်ဆောင်ရာတွင် ပါဝင်မည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ခြင်းနှင့် အလှူငွေပေးအပ်ပွဲ တက်ရောက်

**စစ်တွေ စက်တင်ဘာ ၂၁**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသော မသန်စွမ်းသူများအား ထောက်ပံ့ခြင်းအခမ်းအနားနှင့် မောင်တောမြို့နယ်တွင် တိုင်းရင်းသားများအတွက် နေအိမ်များ ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

မသန်စွမ်းသူများအား ထောက်ပံ့ခြင်းအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူ ၉၄၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၈၂၆၃၀၀၀၀ ကို ပေးအပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ပြည်သူများ အသိအမှတ်ပြုခံရအောင် စွမ်းဆောင်ကြိုးပမ်းခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုမှာတမ်းလွှာများကို ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မဏိရတနာဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းလျှောက်ထားကာ သင်္ကန်းနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမတွင် ကျင်းပသော ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုအခြေအနေများ ဆွေးနွေးပွဲသို့ တက်ရောက်သည်။ **(အပေါ်ပုံ)** ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဒုတိယဖွံ့ဖြိုးမှုနောက်ကျဆုံးပြည်နယ်ဖြစ်သဖြင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တစ်ပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီလေးခုရှိသည့်အနက် ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များနှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ကျင်းပသော ဘေးအန္တရာယ်ဆိုင်ရာ အသိပညာမြှင့်တင်ရေးစင်တာနှင့် အခမဲ့ပညာသင်ကျောင်းဆောက်လုပ်ရန်နှင့် မောင်တောမြို့နယ်တွင် တိုင်းရင်းသားများအတွက် နေအိမ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးနှင့် လူကြောင့်ဖြစ်သော ဘေးများကိုလည်း စီမံဆောင်ရွက်နေပါကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် National Strategic Plan ကို ရေးဆွဲနေကြောင်း ပြောကြားကာ IDP စခန်းများပိတ်သိမ်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ပြန်လည်နေရာချထားရေးကိစ္စများကို ဆွေးနွေးခဲ့ပြီး လိုအပ်သောအကြံဉာဏ်များပေးနိုင်ကြရန်လည်း တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာမြှင့်တင်ရေးစင်တာနှင့် အခမဲ့ပညာသင်ကျောင်းဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်းတစ်ထောင်၊ မောင်တောမြို့နယ်တွင် တိုင်းရင်းသားများအတွက် နေအိမ်များ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၃၂၅၀ အား ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးက UEHRD နှင့် CITF တို့က လှူဒါန်းသော ရေသန့်စက်လေးလုံးကို လွှဲပြောင်းလှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူပြီး ပြည်နယ်လူမှုရေးဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E.Mr. John Nielsen အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာရေးအတွက် စီးပွားရေးကဏ္ဍနှင့် သက်ဆိုင်သည့် ဥပဒေမူဘောင်များ ပြုပြင်ပြောင်းလဲလျက်ရှိသည့် အခြေအနေများ၊ ဥပဒေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံများဖလှယ်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သုတေသနလုပ်ငန်းဆောင်ရွက်ချက်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် Seoul Metro နှင့် KORAIL များသို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၁**

ကိုရီးယားသမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက ဆိုးလ်မြို့ရှိ Seoul Metro ရုံးချုပ်သို့ သွားရောက်ရာ Seoul Metro ၏ CEO, Mr. Kim Tae Ho က ဆိုးလ်မြို့တွင် Seoul Metro ၏ စီမံခန့်ခွဲမှုဖြင့် ပြေးဆွဲလျက်ရှိသည့် မြေအောက်ရထားလိုင်းများ၏ အခြေအနေကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ၏ မြို့ပြရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Seoul Metro နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)** ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Seoul Metro ၏ Control Center အတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက်တွင် ဒေဂျွန်းမြို့ရှိ ကိုရီးယားသမ္မတနိုင်ငံ၏ နိုင်ငံပိုင်ရထားကုမ္ပဏီဖြစ်သော KORAIL ရုံးချုပ်သို့ ကိုရီးယားအမြန်ရထား KTX ဖြင့် သွားရောက်ပြီး KORAIL ၏ Senior Vice President, Mr. Chung In-Soo နှင့်အဖွဲ့ကိုတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့မီးရထားနှင့် KORAIL တို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး၊ ကိုရီးယားချေးငွေဖြင့် မန္တလေး - မြစ်ကြီးနားရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အရေးပေါ်အစည်းအဝေးပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂၁**

စံချိန်တင်မြင့်တက်လျက်ရှိသော မြန်မာရွှေဈေးနှုန်း ပြန်လည်ကျဆင်းနိုင်ရေးအတွက်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အရေးပေါ်အထူးအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံး၌ ပြုလုပ်သည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်တို့က ရွှေဈေးနှုန်းမှာ အသေသတ်မှတ်၍ အရောင်းအဝယ်ပြုကြရန် ပြောဆိုသတ်မှတ်၍ မရသော်လည်း ကုန်သည်ကြီးများ၊ အသင်းဝင်များအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း၍ အရောင်းအဝယ်ပြုကြရန်၊ ရွှေကို တွေ့ရောင်းတွေ့ဝယ်မလုပ်ကြရန်၊ မိမိကိုယ်ကျိုးတစ်ခုတည်းကိုမကြည့်ဘဲ ရှေ့ဆက်မည့် ရွှေဈေးကွက်ကိုအသင်းအတွက် ကြည့်ပြီး ဆောင်ရွက်ကြရန်၊ ဈေးကွက်အတွင်း အထူးသတိထား၍ ထိန်းသိမ်းရောင်းဝယ်ကြရန်၊ ထို့အပြင် မြင့်မားနေသည့် ဈေးနှုန်းကို ထိန်းသိမ်းနိုင်မည့် နည်းလမ်းများ စုပေါင်းရှာဖွေကြရန် ပြောကြားခဲ့ကြသည်။

ထို့အပြင် နာယက ဦးဘသန်းက အသင်းဝင်များအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြရန်၊ ယခင်ဖြစ်စဉ်များကို ပြန်လည်နမူနာယူ၍ လုပ်ကိုင်ရောင်းဝယ်ကြရန် ပြောကြားသည်။

ရွှေဘုံသာလမ်း ရွှေဈေးကွက်အတွင်းမှ အမျိုးသားတစ်ဦးက "ကျွန်တော်တို့ အရောင်းအဝယ်သမားတွေအနေနဲ့ အဲဒီလောက်ကြီး မြန်မြန်ဆန်ဆန်မြင့်တက်တာ မကြိုက်ဘူး။ အများ အရောင်းအဝယ်မကောင်းဘူး။ အန္တရာယ်လည်း ရှိတယ်။ အဓိကကတော့ ငွေကြေးလဲလှယ်မှုနှုန်းထားကိုထိန်းနိုင်ရင် ရွှေဈေးလည်း ကျလာနိုင်စရာ အကြောင်းရှိပါတယ်" ဟု ဆိုသည်။

အစည်းအဝေးကျင်းပသည့် စက်တင်ဘာ ၂၀ ရက်တွင်ပင် နံနက် ၁၁ နာရီ ဈေးကွက်ဖွင့်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၀၅ ဒေါ်လာဖြစ်ပြီး မြန်မာ့ရွှေဈေး (အခေါက်)မှာ ငွေကျပ် ၁၀၄၀၀၀၀ ရှိနေခဲ့သည်။ နေ့လယ်ပိုင်းက ကမ္ဘာ့ရွှေဈေးမှာ ၁၂၀၂ ဖြစ်လာခဲ့ပြီး မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၁၀၄၇၅၀၀ ဖြစ်ခဲ့သည်။ ညနေဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ မပြောင်းလဲသော်လည်း မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၁၀၃၂၀၀၀ သို့ ပြန်လည်ကျဆင်းသွားခဲ့ သည်။

ငွေကြေးလဲလှယ်နှုန်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၇၈ ကျပ် ဖြစ်သော်လည်း ပြင်ပဈေးကွက်တွင်မူ အမေရိကန်တစ်ဒေါ်လာလျှင် ၁၆၃၅ ကျပ်အထိ ဈေးပေါက်လျက်ရှိနေသည်ကို တွေ့ရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



❖ *ကျောဖုံးမှ*

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပြိုင်ပွဲကျင်းပသည့်ပုံစံ ပြောင်းလဲခဲ့ပြီး အုပ်စုပွဲများအတွက် အိမ်ရှင်နိုင်ငံ ရွေးချယ်ခြင်းမရှိတော့ဘဲ အုပ်စုလေးပွဲအား အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု (ခ)တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် တီမောအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် မန္တလာသီရိကွင်း၌ ကမ္ဘောဒီးယားအသင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ အမျိုးသားဘောလုံးကွင်း၌ လာအိုအသင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ ဗီယက်နမ်အသင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**


# အာဆီယံဆု(ASEAN Prize) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ပထမဆုံးအကြိမ် အာဆီယံဆု (ASEAN Prize) ကို ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့အား လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုအား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း အာဆီယံနှင့်ပတ်သက်သော ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများကို ပြသနိုင်ရမည် ဖြစ်ပါသည်။ ထို့အပြင် ရှေ့ဆက်၍ အာဆီယံနှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်း ဖော်ပြနိုင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ နိုင်ငံသား/အဖွဲ့အစည်းအနေဖြင့် လျှောက်ထားသူပုဂ္ဂိုလ်/အဖွဲ့အစည်းသည် မိမိ (သို့မဟုတ်) အဖွဲ့အစည်းနှင့် ပတ်သက်သည့် အချက်အလက်နှင့် မိမိ (သို့မဟုတ်) အဖွဲ့အစည်း၏ ဆောင်ရွက်ချက်များနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတင်သွင်းရန်အတွက် နောက်ဆုံးရက်မှာ ၂၇-၉-၂၀၁၈ ရက်နေ့ဖြစ်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com အားလိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အဆိုပါဆုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက http://asean.org/?static post =asean-prize-2018 တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။


❍ *ကျောဖုံးမှ*

ပြသမှုဟာလည်း ရိုးရာလက်ဝှေ့ကို အခြားနိုင်ငံတွေက ပိုပြီးသိနိုင်မှာပါ။ လက်ဝှေ့ပွဲစဉ်အရည်အသွေးနဲ့ စိတ်ဝင်စားအောင်လုပ်ဖို့ စိန်ခေါ်မှုတွေရှိနေသေးတယ်။ မြန်မာ့လက်ဝှေ့ကို အခုလို ကမ္ဘာသိအောင်လုပ်ဆောင်ပေးတာ ကျေးဇူးလည်းတင်တယ်။ ပြီးတော့ မြန်မာ့ရိုးရာလက်ဝှေ့ကို အားပေးမြှောက်စားပါလို့ ပြောချင်ပါတယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇင်ဦးက ပြောသည်။

ဤသို့ ရုပ်သံလိုင်းပြသရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်းရိုးရာ အားကစားနည်းများကို ဖော်ထုတ်လိုခြင်း၊ ရိုက်ကူးထုတ်လုပ်ရာတွင် အသွင်သစ် အမြင်သစ်များဖြင့်တင်ဆက်မှုနှင့်အတူ နာမည်ကျော်အားကစားသမားများနှင့် တစ်ချိန်တွင် ချန်ပီယံလောင်းဖြစ်လာမည့် မျိုးဆက်သစ်အားကစားပညာရှင်များကို ဖော်ထုတ်ရိုက်ကူးခြင်း၊ မြန်မာလက်ဝှေ့ကို နိုင်ငံတကာအဆင့်ထိထိုးဖောက်နိုင်ရန်နှင့် အခြားနိုင်ငံများ၏ ချန်နယ်များထိ ထုတ်လုပ်တင်ဆက်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာလက်ဝှေ့တိုးတက်ဖို့ အဘက်ဘက်က လိုအပ်ပါတယ်။ နိုင်ငံတော်ကလည်း အဘက်ဘက်ကနေ ကူညီပေးနိုင်ရင် လက်ရှိကစားသမားတွေနဲ့ မျိုးဆက်သစ်တွေအတွက် စိတ်ခွန်အားတွေ တိုးလာမှာပါ။ နည်းစနစ်ပိုင်းကတော့ တိုးတက်လာပြီ၊ စိတ်ပိုင်းဆိုင်ရာတွေ အားတက်ဖို့လိုပါတယ်။ မြန်မာ့ရိုးရာလက်ဝှေ့အဆင့်ကနေ နိုင်ငံတော်အဆင့် ပံ့ပိုးပေးနိုင်ရင် မြန်မာ့လက်ဝှေ့ဟာ ဂုဏ်ဆောင်နိုင်မှာပါ။ အခုလို ရုပ်သံကနေ တိုက်ရိုက်ပြသသွားမယ်ဆိုတော့ ရိုးရာလက်ဝှေ့အတွက်လည်း ဂုဏ်ယူတယ်။ ချန်နယ်ပလပ်ကိုလည်း ကျေးဇူးတင်တယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမား တူးတူးက ပြောသည်။

ယနေ့ကျင်းပသော အခမ်းအနားသို့ လက်ဝှေ့အကျော်အမော်များ၊ နည်းပြများတက်ရောက်ပြီး CANAL + Sports ရုပ်သံလိုင်းသည် ကိုယ်ပိုင်လိုင်းပေါင်းကိုးလိုင်းပါဝင်ပြီး နိုင်ငံတကာရုပ်သံဖျော်ဖြေရေးလိုင်းပေါင်း ၈၀ ပါဝင်ကာ မြန်မာ့ရိုးရာလက်ဝှေ့၊ နိုင်ငံတကာလက်ဝှေ့နှင့် ကားမောင်းပြိုင်ပွဲများ၊ အခြားအားကစားပြိုင်ပွဲများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

✤ *ကျောဖုံးမှ*

စီမံကိန်းနယ်ပယ်အတွင်း အဓိကဆောင်ရွက်ရမည့်နေရာများနှင့် ပတ်သက်၍ ဦးအောင်ကျော်မှူးက "အဓိက လတ်တလော အရေးကြီးဆုံးပွိုင့်ဖြစ်တဲ့ (၀)မိုင်နေရာက အန္တရာယ်အများဆုံးနဲ့ ထိခိုက်မှု အများဆုံး ဖြစ်နိုင်တဲ့နေရာဖြစ်လို့ ဒီနေရာကို ရွေးချယ်ပြီး (၀)မိုင်နေရာနဲ့ ဆက်စပ်နေတဲ့ ဆိပ်ကြီးခနောင်တို၊ ဒလ၊ တွံတေးမြို့နယ်သုံးနေရာက တစ်ပါတည်းပါသွားတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

တွံတေးတူးမြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် တွံတေးတူးမြောင်းကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်း၊ တွံတေးတူးမြောင်း (၀) မိုင်အနီး ရေဝဲအတွင်းကျောက်ကြီးဖြည့်ခြင်းလုပ်ငန်း၊ တူးမြောင်းတစ်လျှောက်တွင် ရေကြီးရေလျှံမှုကာကွယ်ရေးအတွက် ရေထိန်းကမ်းပတ်တာတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



**တွံတေးတူးမြောင်း စီမံကိန်းနှင့် ပတ်သက်၍ အများပြည်သူသို့ ထုတ်ဖော်တင်ပြခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း အခမ်းအနား ကျင်းပစဉ်။**

ဓာတ်ပုံ-ဇလစိုး

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ စာတမ်း

**လေးစားအပ်တဲ့ ....**

**လွှတ်တော်ဥက္ကဋ္ဌကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်တော်များ၊ နိုင်ငံတကာသံတမန်များနှင့် ဖိတ်ကြားထားတဲ့ အထူးဧည့်သည်တော်များ ခင်ဗျား -**

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ကိုယ်စားပြုတင်ပြသွားမယ့် ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူ ဖြစ်ပါတယ်ခင်ဗျာ။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ရဲ့ ဆောင်ပုဒ်က "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" (Let's all oversight) ပဲ ဖြစ်ပါတယ်ခင်ဗျာ။ ဒီနေ့အခမ်းအနားမှာ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ စပ်လျဉ်းတဲ့ အမြင်နဲ့ သဘောထားများကို တင်ပြသွားမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဒီမိုကရေစီ ချစ်မြတ်နိုးသူအပေါင်းတို့ခင်ဗျား -**

ပြည်သူများအတွက် ပြည်သူများကိုယ်တိုင် ပါဝင်အုပ်စိုးရေးဖြစ်တယ်ဆိုတဲ့ ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြတဲ့ ဒီမိုကရေစီပဲ ဖြစ်ပါတယ်ခင်ဗျာ။ မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၂၀၀၈) ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်တဲ့ လွှတ်တော်အသီးသီးကို ဖွဲ့စည်းနိုင်ခဲ့ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ကျရာကဏ္ဍက အစွမ်းကုန် ကြိုးပမ်းပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်သုံးရာမှာ အနည်းစုက အများစုရဲ့ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာဖို့လိုသလို အများစုကလည်း အနည်းစုရဲ့ ဆန္ဒသဘောထားများကို အလေးထားကြရမှာဖြစ်ပါတယ်။ ONE FOR ALL, ALL FOR ONE လို့လည်း ဆိုကြပါတယ်။ အမိမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့အတွက်

(၁) တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး

(၂) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး

(၃) လူမျိုးတစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်ခွင့်ရရှိရေးနှင့်

(၄) တိုင်းရင်းသားလူမျိုးများအတွင်း ညီညာတဲ့ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးတို့အတွက် အာမခံချက်များ ရှိသင့်တယ်လို့ မိမိတို့ပါတီက ခံယူပါတယ်။ အဆိုပါ



ဦးဂျေယောဝူ စာတမ်းဖတ်ကြားစဉ်။

ဦးတည်ရည်မှန်းချက်များကို ဖော်ဆောင်ရာမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုနဲ့ တိုင်းရင်းသားလူမျိုးအားလုံးတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို ပေါင်းစပ်၍လိုသလို ပြည်နယ်တစ်ခုချင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်ထောင်စုတစ်ရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ သဟဇာတကျကျ ပေါင်းစပ်ဖော်ဆောင်သွားဖို့လိုကြောင်း တင်ပြအပ်ပါတယ်။

**❑ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပေမယ့် လွတ်လပ်ရေးရပြီး မရှေးမနှောင်းကာလမှစ၍ လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့တာကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းများကို ထိခိုက်စေခဲ့**

**❑ (NCA) ကို တိုင်းရင်းသားများ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့က သဘောထားကြီးမားစွာ "ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေဆိုသလို" မနှေးအမြန်ပါဝင်သဘောတူ လက်မှတ်ရေးထိုးကြပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အတူတကွ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် အေးချမ်းသာယာတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေမှာဖြစ်**

**လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ခင်ဗျား -**

ပြည်သူအများအနေဖြင့် ဒီမိုကရေစီအနှစ်သာရများနှင့်အညီ အပြည့်အဝခံစားစေဖို့အတွက် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးတဲ့ နိုင်ငံဖြစ်စေရန်လိုအပ်သကဲ့သို့ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရန်လည်း လိုအပ်လှပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပေမယ့် လွတ်လပ်ရေးရပြီး မရှေးမနှောင်းကာလမှစ၍ လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့တာကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းများကို ထိခိုက်စေခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် နှစ်ကာလရှည်ကြာစွာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခအဖုံဖုံ အနိဋ္ဌာရုံတွေကို စိတ်မချမ်းမြေ့ဖွယ် တွေ့ရှိရပါတယ်။ နိုင်ငံအဝန်း အနှံ့အပြားမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကြီး ဖြစ်ထွန်းရေး မြန်မာနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူများအတွက် အခြေခံလိုအပ်ချက်ကြီးဖြစ်ပါတယ်။ အဲ့ဒီ (NCA) ကို တိုင်းရင်းသားများ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့က သဘောထားကြီးမားစွာ "ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေဆိုသလို" မနှေးအမြန်ပါဝင်သဘောတူ လက်မှတ်ရေးထိုးကြပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အတူတကွ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် အေးချမ်းသာယာတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ တစ်မျိုးသားလုံးရဲ့အရေး ဖြစ်လာနေတဲ့ စိန်ခေါ်မှုကြီးကို အားလုံးသိရှိနားလည်ခံစားပြီး မျှဝေကြရမှာ ဖြစ်ပါတယ်။ တစ်မျိုးသားလုံး၏ တာဝန်ဝတ္တရားကြီးလည်း ဖြစ်ပါတယ်။ ဒေသခံ ရခိုင်ပြည်သူများနှင့်အတူတကွ ရပ်တည်ပူးပေါင်းပေးကြပါစို့။ ဒါမှမဟုတ်ရင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ အန္တရာယ်အရှိဆုံး ခလုတ်တစ်ခုလည်း ဖြစ်လာနိုင်တဲ့အတွက် နိုးကြားစွာနှင့် သတိချပ်ကြပါစို့။ တစ်ခါသေဖူးရင် ပျဉ်ဖိုးနားလည်ကြရတော့မှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ခင်ဗျား -**

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်စိုးတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံညီလာခံများကိုလည်း ကျင်းပနေကြပါတယ်။ အဆိုပါညီလာခံကြီးရဲ့ ဦးတည်ချက်ဟာ ငြိမ်းချမ်းရေးအတွက် အားလုံးပါဝင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဖြစ်ပါတယ်။ ဤဆောင်ရွက်မှုတွေဟာ နိုင်ငံတော်ရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြီးမားစွာ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် မိမိတို့ပါတီအနေဖြင့် တိုင်းရင်းသားပြည်သူများ အားလုံးနှင့်အတူ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ "ALL INCLUSIVE ACTIVE PARTICIPATORY" လို့ ဆိုရမှာဖြစ်ပါတယ်။ ဒီမိုကရေစီလူ့ပ်ရှားမှုဖြစ်စဉ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" နိုင်ကြပါစေလို့ ဆုမွန်ကောင်းဖြင့် နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျား ....

## ရေဆင်း၌ စိုက်ပျိုးရေးသုတေသနဆိုင်ရာအတွေ့အကြုံများ ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမဆောင်၌ သုတေသနဆိုင်ရာအတွေ့အကြုံများ ရှင်းလင်းပွဲကို စက်တင်ဘာ ၁၇ ရက်က ကျင်းပသည်။

ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက သုတေသန ရလဒ်ကောင်းတစ်ခုသည် နိုင်ငံအတွက် အကျိုးစီးပွားများစွာကို ဖြစ်ထွန်းစေနိုင်သည့်အတွက် သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်သည့် နည်းတူ သုတေသနမှရရှိလာသည့် ရလဒ်များကိုလည်း လက်တွေ့နယ်ပယ်များတွင် အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပညာရေးကဏ္ဍအနေဖြင့် သုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် အဓိကနေရာမှပါဝင်ကြောင်း၊ လတ်တလောကြုံတွေ့နေရသည့် ရာသီဥတုအပြောင်းအလဲကြောင့် သီးနှံစိုက်ပျိုးမှုများအပေါ် သက်ရောက်လာမည့် အခြေအနေအရပ်ရပ်အတွက် ပြောင်းလဲဆောင်ရွက်သင့်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးရန် လိုအပ်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် သုတေသနဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြရာ ဖိလစ်ပိုင်နိုင်ငံ UPLB တက္ကသိုလ်၌ လယ်ယာသီးနှံစိုက်ပျိုးရေးဆိုင်ရာပါရဂူ ဘွဲ့ရရှိခဲ့သော လယ်ယာသီးနှံစိုက်ပျိုးရေးပညာဌာနမှ ဒေါက်တာဖြိုးလပြည့်ဝန်းက အပူပိုင်းဒေသရှိ သက်တမ်းတိုစပါးမျိုးများတွင် အထွက်နှုန်းကို အဟန့်အတားဖြစ်စေသော အချက်အလက်များကို ဇီဝကမ္မဆိုင်ရာ ဆန်းစစ်လေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာသူဇာက စပါးပင်အညှောက်ပေါက်ချိန်နှင့် အပင်ငယ်စဉ်တွင် ရေဝပ်ဒဏ်ကိုခံနိုင်ရည်ရှိသည့် စပါးပျိုးများ၏ ရုပ်သွင်ပြင်လက္ခဏာနှင့် ဇီဝကမ္မဆိုင်ရာ တုံ့ပြန်ချက်များကိုလေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း သုတေသနစာတမ်းကောက်နုတ်ချက်များ ဖတ်ကြားတင်ပြခဲ့သည်။

**သိန်း**

## ကျုံပျော်ရှိ ဒါးကချောင်းအတွင်း ငါးသားပေါက်ကောင်ရေ လေးသိန်းစိုက်ထည့်

**ကျုံပျော် စက်တင်ဘာ ၂၁**

ကျုံပျော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ လုပ်ငန်းရာသီအတွက် ငါးကောင်ရေ လေးသိန်းအား သဘာဝရေပြင်နှင့် အင်း၊ ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့က ဒါးကချောင်း သံလျက်စွန်းကူးတို့၌ ပြုလုပ်သည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ငါးမြစ်ချင်းကောင်ရေ ၃၆၀၀၀၀ နှင့် ငါးခုံးမကောင်ရေ ၄၀၀၀၀၊ စုစုပေါင်း ငါးသားပေါက်ကောင်ရေ လေးသိန်းကို ဒါးကချောင်းရေပြင်တွင်သို့ စုပေါင်းစိုက်ထည့်ခဲ့ကြသည်။

ယခုကဲ့သို့ ငါးမျိုးစိုက်ထည့်ခြင်းသည် ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ ပြည်သူများ ငါးစားသုံးမှု ဖူလုံစွာရရှိစေရန်နှင့် ငါးလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျုံပျော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ စီးပွားဖြစ် ငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး မြို့နယ်အတွင်း အင်းအလုံးရေ ၃၀ ဖြင့် ရေချိုသား ငါးထုတ်လုပ်မှုကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**နေဝင်း(မြန်/ဆက်)**



## ရန်ကုန်မြို့ရှိ ဆေးရုံကြီးနှစ်ရုံ၌ ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းနှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများနှင့် ချုံနွယ်မြက်ပင်များခုတ်ထွင်ရှင်းလင်းခြင်းကို အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကို၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၆ ရက်တွင် ဆောင်ရွက်ခဲ့သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ရဲမှူးချုပ်တင်ကိုကို ဦးစီး၍ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး ရဲခိုင်၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံး ဦးစီးအရာရှိ ပထမတန်း (ဦး/ရေ/ထောက်) ဒုတိယရဲမှူးကြီး ဇော်မိုး၊ အမှတ်(၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ပြည့်စုံနှင့် အမှတ်(၈) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မင်းဝင်းစိုးတို့က ကြီးကြပ်ကာ အမှတ်(၆/၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင် ၁၀၀ က ဆောင်ရွက်ခဲ့သည်။ မြောက်ဥက္ကလာပဆေးရုံကြီးဝင်းအတွင်း၌လည်း အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးသန်းဝင်း ဦးစီး၍ အမှတ်(၇/၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင် ၁၀၀ ခန့်က ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် စုပေါင်းသန့်ရှင်းရေးနှင့် ချုံနွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်**

# ၂၀၁၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် “ဝ” ဒီမိုကရက်တစ်ပါတီ၏ စာတမ်း

**လေးစားအပ်ပါသော အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားသို့ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။**

ကျွန်တော်ကတော့ “ဝ”ဒီမိုကရက်တစ်ပါတီမှ ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျင်ဝမ်း ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားမှာ စာတမ်းကို ဖတ်ကြားတင်သွင်းခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပြီး ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ယနေ့ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် အပြည်ပြည်ဆိုင်ရာ ပါလီမန်မှ ပေးပို့လာသော ဆောင်ပုဒ်ဖြစ်တဲ့ “ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး”ခေါင်းစဉ်နှင့် စပ်လျဉ်းပြီး ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ အထက်ပါ ခေါင်းစဉ်ဟာ မိမိတို့နိုင်ငံအတွက် အလွန်အရေးပါသော အလေးထားလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒီမိုကရေစီစနစ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းဖြင့် အပြန်အလှန် ထိန်းညှိဆောင်ရွက်လျက်ရှိပြီး မိမိတို့လွှတ်တော်အနေဖြင့် ဥပဒေပြုရေးအာဏာကိုကျင့်သုံးပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၏ အဓိကမဏ္ဍိုင်ဟုလည်း ဆိုနိုင်ပါတယ်။ ဥပဒေပြုလွှတ်တော်များ စွမ်းရည်မြင့်မားပြီး ဒီမိုကရေစီစံနှုန်း အားကောင်းလာသည်နှင့်အမျှ ဒီမိုကရေစီစနစ်သည်လည်း အခြေခိုင်မြဲလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များကလည်း ဒီမိုကရေစီရှင်သန်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

ဒီမိုကရေစီစနစ်သည် ပြည်သူက ရွေးချယ်တင်မြှောက်အုပ်ချုပ်သော စနစ်ဖြစ်တဲ့အတွက် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံတိုင်းတွင် ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားရန်လိုအပ်ပြီး ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ ယုံကြည်လက်ခံကျင့်သုံးနိုင်မှသာ ဒီမိုကရေစီ၏ အနှစ်သာရပြည့်ဝတဲ့ လူ့ဘောင်ဘဝကို ရရှိနိုင်မှာဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီကျင့်စဉ်များ ခိုင်မာလာစေရေးအတွက် ဒီမိုကရေစီပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် လိုအပ်ပါတယ်။ လူတိုင်းမှာ ဒီမိုကရေစီကပေးသော အခွင့်အရေးနှင့် တာဝန်သိမှု တာဝန်ယူမှုတို့ကို မျှတစွာ ဝိုင်းဝန်းထိန်းညှိကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီရှင်သန်ရေးအတွက် နိုင်ငံသားအားလုံး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒီလိုထိန်းညှိတဲ့အခါမှာ လူကို လူနဲ့၊ မူဝါဒကို မူဝါဒနဲ့ ကျင့်စဉ်ကို ကျင့်စဉ်ဖြင့် ထိန်းကျောင်းဖို့ လိုအပ်ပါတယ်။



ဦးကျင်ဝမ်း စာတမ်းဖတ်ကြားစဉ်။

ဒီမိုကရေစီစံနှုန်းများကို မိမိတို့ကိုယ်တိုင် လက်တွေ့ပါဝင်ထိန်းညှိနိုင်မှသာ ဒီမိုကရေစီအသီးအပွင့်များ ပြည့်ဝစွာရရှိနိုင်မှာဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်များသည် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ကျား/မ တန်းတူညီမျှခြင်းစတဲ့ ဒီမိုကရေစီရဲ့အခြေခံမူများကို လိုက်နာကျင့်သုံးခြင်းဖြင့် ဒီမိုကရေစီကို ပိုမိုရှင်သန်လာမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီရဲ့အခြေခံမူများအတိုင်း ပြည်သူများ လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် ဒီမိုကရေစီကို ဝိုင်းဝန်းထိန်းညှိ ပူးပေါင်းကာကွယ်သွားကြရမှာ ဖြစ်ပါတယ်။ သို့မှသာ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးလာမှာဖြစ်ပြီး တိုင်းရင်းသားပြည်သူများအတွက် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားယုံကြည်မှု အားကောင်းသောဒီမိုကရေစီစနစ် ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခါသမယတွင် တိုင်းရင်းသားပြည်သူများအားလုံး ဒီမိုကရေစီစံနှုန်းနှင့်အညီ နိုင်ငံတော်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခြင်းဖြင့် ၂၀၁၈ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ဆောင်ပုဒ်ပါအတိုင်း အားလုံးဝိုင်းဝန်းထိန်းညှိဆောင်ရွက်ကြခြင်းဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

အားလုံးကိုကျေးဇူးတင်ပါတယ်။ ။

**“ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံတိုင်းတွင် ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားရန်လိုအပ်ပြီး ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ ယုံကြည်လက်ခံ ကျင့်သုံးနိုင်မှသာ ဒီမိုကရေစီ၏ အနှစ်သာရပြည့်ဝတဲ့ လူ့ဘောင်ဘဝကို ရရှိနိုင်မှာဖြစ်”**

# မြန်မာနိုင်ငံလုပ်သားဈေးကွက် ဖွံ့ဖြိုးစေရေးနှင့် အလုပ်အကိုင်တိုးပွားရရှိရန် ပူးပေါင်းအဖြေရှာ

**နေပြည်တော် စက်တင်ဘာ ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြန်မာ့လူမှုစီးပွားဖွံ့ဖြိုးမှုအဖွဲ့ (CESD) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ လုပ်သားဈေးကွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်လာစေရန် အလုပ်အကိုင်အခွင့်အလမ်း၊ အနည်းဆုံး အခကြေးငွေနှင့် လုပ်သားဈေးကွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတော်အစိုးရသည် ပြည်တွင်း/ပြည်ပရှိ မြန်မာရွှေ့ပြောင်းလုပ်သားများကို အလုပ်သမားအခွင့်အရေး ရရှိရေး၊ နိုင်ငံတကာအလုပ်သမားဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ အပြည့်အဝကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ချဉ်းကပ်မှုပုံစံသစ်များ ဆောင်ရွက်ခြင်း၊ ပြင်ဆင်သင့်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်လျက်ရှိရာ မြန်မာ့လုပ်သားများ၏ အခန်းကဏ္ဍကိုရှေ့တန်းသို့ ရောက်ရှိအောင် ယခုဆွေးနွေးပွဲတွင် မူဝါဒ၊ သုတေသန တွေ့ရှိချက်များ၊ နိုင်ငံတကာအတွေ့အကြုံများကို ချိန်ဆ၍ အစိုးရ၊ လွှတ်တော်၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များက မြန်မာ့လုပ်သားဈေးကွက်အတွင်း ရင်ဆိုင်နေရသည့် စိန်ခေါ်ချက်များကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာစေလိုကြောင်း ထည့်သွင်းပြောကြားသည်။

ဝန်ကြီးဌာနသည် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် အလုပ်ရှာဖွေနေသည့် လူငယ်များနှင့် အလုပ်ပေးလိုသည့် အလုပ်ရှင်များကို အလျင်အမြန် ချိတ်ဆက်ပေးနိုင်ရေးအတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံ (Labour Exchange Office) ၈၃ ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဖွင့်လှစ်ထားပြီး အွန်လိုင်းမှ အချက်အလက်များကို ဖလှယ်နိုင်ရန် Labour Exchange Management System ထူထောင်ထားပြီး လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ထားကြောင်း သိရသည်။

၂၀၁၃ ခုနှစ် အနည်းဆုံး အခကြေးငွေ ဥပဒေအရ ၂၀၁၅ ခုနှစ်က ထုတ်ပြန်သတ်မှတ်ခဲ့သည့် အနည်းဆုံးအခကြေးငွေကို ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်တွင် လက်ရှိအခြေအနေနှင့် ကိုက်ညီမည့် နှုန်းထားအသစ်အဖြစ် ပြင်ဆင်သတ်မှတ်နိုင်ခဲ့သည့်အပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO ထံမှ နည်းပညာအကူအညီနှင့် အလုပ်သမားရေးရာ စံချိန်စံညွှန်းများကို သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

အသစ်ချမှတ်လိုက်သည့် စီမံကိန်းတစ်ခုဖြစ်သည့် “မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးစီမံကိန်း” အရ နိုင်ငံတွင်း လုပ်သားဈေးကွက် ပြုပြင်ပြောင်းလဲရေး တိုးမြှင့်လုပ်ဆောင်မှုလုပ်ငန်း၏ အရေးပါသည့် အခန်းကဏ္ဍကို ဦးစားပေးဖော်ပြထားရာ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင် အောင်မြင်စေရန် ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ငန်းခွင်အခြေအနေ ဖန်တီးပေးနိုင်ရေးသည် အခြေခံကျလျက်ရှိသည်။ ယနေ့ကမ္ဘာ့နိုင်ငံကြီးများအကြား ပြဿနာများစွာကြီးမားသည့်စိန်ခေါ်ချက်များနှင့် ကြုံတွေ့နေရချိန်တွင် ပြည်တွင်းစီးပွားရေး တိုးတက်ရန် အားဖြည့်ပေးနိုင်မည့် လက်တွေ့ကျပြီး ထိရောက်သည့် မဟာဗျူဟာတစ်ခုဖြစ်ကြောင်း အခမ်းအနားအတွင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

လုပ်သားဈေးကွက် စီမံခန့်ခွဲမှုစနစ်များတွင် သင့်တော်မှန်ကန်သည့် နည်းပညာများကို အသုံးပြုနိုင်သည်နှင့်အမျှ အစိုးရအတွက်နှင့် ပုဂ္ဂလိကလုပ်ငန်းများအတွက်ပါ အကျိုးပြုနိုင်မည်ဖြစ်ကြောင်းသိရပြီး နိုင်ငံ၏လုပ်သားဈေးကွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အားကောင်းလာရေးအတွက် ထိရောက်သည့် ချိတ်ဆက်မှုများ ဖော်ဆောင်ကာ အကြံဉာဏ်ကောင်းများ ရရှိရန်အတွက် ယုံကြည်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထပ်လောင်း ပြောကြားသည်။

စတုတ္ထအဆင့် စက်မှုတော်လှန်ရေးဟု တင်စားထားသည့် အဆင့်မြင့် နည်းပညာများ၊ အွန်လိုင်းစနစ်များကို ပြောင်းလဲကျင့်သုံးနေသည့် နိုင်ငံများနှင့်အပြိုင် ကမ္ဘာ့တန်ဖိုးမြှင့်ထုတ်လုပ်မှု ကွင်းဆက်တွင်းသို့ နောက်ကျမှ ဝင်ရောက်ရသည့် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာရှိပြီး အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် စုပေါင်းအားဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြောကြားထားခဲ့ကြောင်း သိရသည်။

ထို့နောက် ကနေဒါနိုင်ငံမှ Dr. Edgard Rodriguez က နှုတ်ခွန်းဆက် စကားပြောကြားခဲ့ပြီး မြန်မာ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းမှ အမှုဆောင်အရာရှိ ဒေါက်တာဇော်ဦးက အလုပ်ရုံဆွေးနွေးပွဲနှင့် အကြောင်းအရာများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် သုတေသနအဖွဲ့များက ရေးသားပြုစုထားသည့် အဆိုပြုချက်များနှင့် အကြံပေးချက်များကို ဝိုင်းဝန်းအကြံပြု သုံးသပ်ဆွေးနွေးခဲ့ကြသည်။




ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာမှ သုတေသနအဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-သော်တာဝင်း**

# သစ်တောဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း(၄)**

**သစ်တောရေးရာ စီမံခန့်ခွဲခြင်း**

၉။ သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့၏ မြန်မာ့သစ်တောမူဝါဒကို အကောင်အထည်ဖော်ခြင်း၊

( ခ ) ရေ၊ မြေ၊ ဇီဝမျိုးစုံနှင့် သဘာဝ ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး၊ သစ်တောဖုံးလွှမ်းသည့် နယ်မြေများ ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်းသည့် စီမံကိန်းများကို အကောင်အထည်ဖော်ခြင်း၊

( ဂ ) သစ်တောနယ်မြေကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဃ) ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် တားမြစ်သစ်ပင် အမျိုးအမည်များ သတ်မှတ်ရေး၊ ပြင်ဆင်ရေး သို့မဟုတ် ဖျက်သိမ်းရေးတို့အတွက် ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခြင်း၊

( င ) သစ်တောနည်းပညာရပ်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်း၊ အသိပညာပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောကဏ္ဍဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊

( စ ) သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် အဆင့်မြှင့်တင်ခြင်း၊သစ်တောသယံဇာတစာရင်းများ ကောက်ယူပြုစုခြင်းနှင့် အများပြည်သူသို့ ဖြန့်ဝေခြင်း၊

(ဆ) သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဇ ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် အကူအညီပေးခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဈ ) သစ်တောနယ်မြေများအတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှု အခကြေးငွေသတ်မှတ်ခြင်း၊

(ည) ဝန်ကြီးဌာနက သတ်မှတ်တာဝန်ပေးအပ်သော သစ်တောရေးရာနှင့် သက်ဆိုင်သည့် အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အောက်ပါစီမံကိန်းများကို ရေးဆွဲ၍ ဝန်ကြီးဌာနထံ တင်ပြရမည် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် လုပ်ငန်းလမ်းညွှန်အဖြစ် အသုံးပြုရမည့် သစ်တောကဏ္ဍနှင့် စပ်လျဉ်းသည့် စီမံကိန်း၊

( ခ ) သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် စီမံကိန်း။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၀ ပါ စီမံကိန်းများနှင့်စပ်လျဉ်း၍ -

(က) အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြအစီရင်ခံရမည်။

( ခ ) အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်များရှိပါက ပြင်ဆင်ဖြည့်စွက်နိုင်ရန် ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြရမည်။

( ဂ ) လိုအပ်သောသစ်တောသယံဇာတစာရင်းကိုသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ၁၀ နှစ်တစ်ကြိမ် ကောက်ယူ၍စာရင်းဇယား ပြုစုရမည်။

၁၂။ မည်သူမဆို သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း -

(က) ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေး စီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်လိုလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်။

( ခ ) ပညာရေး သို့မဟုတ် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်း သို့မဟုတ် လေ့လာရေးစခန်းချခြင်းပြုလိုလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေး စီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းကလုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

**အခန်း(၅)**

**သစ်တောစိုက်ခင်း တည်ထောင်ခြင်း**

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သစ်တောနယ်မြေ သို့မဟုတ် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေတွင် အောက်ပါသစ်တောစိုက်ခင်းများကို တည်ထောင်နိုင်သည် -

(က) စီးပွားရေးစိုက်ခင်း၊

( ခ ) စက်မှုကုန်ကြမ်းစိုက်ခင်း၊

( ဂ ) ရေဝေရေလဲစိုက်ခင်း၊

(ဃ) ဒီရေတောစိုက်ခင်း၊

( င ) ကျေးရွာထင်းစိုက်ခင်း၊

( စ ) အခြားစိုက်ခင်း။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို သစ်တောနယ်မြေတွင် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ပုဂ္ဂလိက သစ်တောစိုက်ခင်းစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို အောက်ပါအတိုင်းဆောင်ရွက်ခွင့်ပြုနိုင်သည်-

(က) ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အိတ်ဖွင့်တင်ဒါစနစ်အရ ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊

( ခ ) ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပုဂ္ဂလိက ကျွန်းစိုက်ခင်း တည်ထောင်ခြင်း၊

( ဂ ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်းစိုက်ခင်းတည်ထောင်ခြင်း၊ ပုဂ္ဂလိက သစ်မာစိုက်ခင်း တည်ထောင်ခြင်း။

၁၅။ ပြည်ထောင်စုနယ်မြေအတွင်း ကျေးရွာအနီးပတ်ဝန်းကျင်တွင်ရှိသော ကြိုးဝိုင်းတောတွင်ဖြစ်စေ၊ ကြိုးပြင်ကာကွယ်တောတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါကျေးရွာပိုင် ကျေးရွာထင်းစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုနိုင်သည် -

(က) သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ကျေးရွာထင်းစိုက်ခင်း၊

( ခ ) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာထင်းစိုက်ခင်း။

၁၆။ သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်း သို့မဟုတ် သဘာဝသယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ခြင်းကို စီးပွားဖြစ် လုပ်ကိုင်ခွင့်ရရှိသူသည် ခွင့်ပြုမိန့်ပါ သတ်မှတ်ထားသည့် စည်းကမ်းချက်များအရ နိုင်ငံတော်အတွက် သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းကိုဖြစ်စေ၊ သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်း လုပ်ငန်းကိုဖြစ်စေ မိမိကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ပေးရမည်။

**အခန်း(၆)**

**သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်**

၁၇။ သစ်တောထွက်ပစ္စည်းကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိသည်။သို့ရာတွင် စီးပွားဖြစ်မဟုတ်သည့် အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး၊ ငါးဖမ်းလုပ်ငန်းသုံးစသည့် မိမိသုံးဖြစ်လျှင် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အရေအတွက်ထက် မကျော်လွန်ပါက ခွင့်ပြုမိန့် ရယူရန်မလိုဘဲ ထုတ်ယူနိုင်သည်။

၁၈။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုရာတွင် စီးပွားဖြစ်ထုတ်ယူခြင်းဖြစ်ပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဈေးပြိုင်စနစ်ကျင့်သုံးခြင်း မပြုဘဲ ထုတ်ယူခွင့်ပြုနိုင်သည် -

(က) သစ်တောထွက်ပစ္စည်း ထုတ်ယူခြင်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းများကို အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၊

( ခ ) သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က ဝန်ကြီးဌာနအား စီမံခန့်ခွဲပိုင်ခွင့် ပေးအပ်ထားသည့်ကိစ္စ၊

( ဂ ) ပုဂ္ဂလိက သစ်တောစိုက်ခင်းများနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(ဃ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ပိုင်ဆိုင်ခွင့်ပြုထားသော ကျွန်းနှင့် တားမြစ်သစ်ပင်များမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

( င ) သစ်တောဦးစီးဌာနမှ သီးခြားကန့်သတ်ထားသော ကိစ္စမှအပ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

( စ ) စီးပွားဖြစ်မဟုတ်သည့် အောက်ပါလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ -

(၁) သုတေသနနှင့် ပညာပေးလုပ်ငန်း၊

(၂) ပြည်သူ့အကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်း။

၁၉။ (က) စီးပွားဖြစ်သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍-

(၁) ဝန်ကြီးဌာနသည် သက်တမ်းသုံးနှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်။

(၂) ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သက်တမ်း တစ်နှစ်အထက်မှ နှစ်နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်။

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် သက်တမ်း တစ်နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူသည် လုံလောက်သော အကြောင်းရှိလျှင် ခွင့်ပြုမိန့်သက်တမ်းကို တစ်ကြိမ်လျှင် ခြောက်လထက်မကျော်စေဘဲ နှစ်ကြိမ်အထိ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၂၀။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အမျိုးအမည်၊

( ခ ) ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအရ ထုတ်လုပ်ရန် သတ်မှတ်ကာလ ပြည့်မီသည့် ဧရိယာအတွင်း နှစ်စဉ်ထုတ်လုပ်ခွင့်ပြုမည့် သစ်မျိုးနှင့် ပမာဏ၊

( ဂ ) အခွန်နှုန်းနှင့် အခြားအခကြေးငွေများ၊

(ဃ) သစ်တောထွက်ပစ္စည်း အမျိုးအစားအလိုက် ခွင့်ပြုပေးသင့်သည့် သက်တမ်း၊

( င ) စီးပွားဖြစ် မဟုတ်သည့် အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး၊ ငါးဖမ်းလုပ်ငန်းသုံးစသည့် မိမိသုံး၊ သုတေသနနှင့် ပညာပေးလုပ်ငန်းသုံး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းသုံး သို့မဟုတ် ဘာသာရေးလုပ်ငန်းသုံးအတွက် ထုတ်ယူခွင့်ပေးနိုင်သည့် သစ်တောထွက်ပစ္စည်းတစ်ခုချင်း၏ အရေအတွက်၊

( စ ) ခွင့်ပြုမိန့်ပါ စည်းကမ်းဖောက်ဖျက်မှုအတွက် တပ်ရိုက်မည့် ဒဏ်ကြေး၊

(ဆ) စည်းကမ်းချက်များ။

၂၁။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

( ခ ) သစ်တောဦးစီးဌာနက ဤဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို လိုက်နာရမည်။

( ဂ ) ပေးဆောင်ရန်ရှိသော အခွန်အခများ၊ အာမခံငွေများ၊ ကြိုတင်ငွေများကို ပေးဆောင်ရမည်။

(ဃ) သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ တိုင်းတာပြီး တံဆိပ်ရိုက်မှတ်ခြင်း၊ အမှတ်အသားပြုခြင်း၊ မှတ်ပုံတင်ထားသောကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ခြင်းပြုရမည်။

( င ) သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်းအတွက် ဝန်ကြီးဌာနမှ သတ်မှတ်သည့်တန်ဖိုးကို ပေးလျော်ရမည်။

၂၂။ သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေမှ ထုတ်လုပ်သည့် အခွန်ဆောင်ပြီးသောထင်းကို မီးသွေးဖုတ်နိုင်ရန် သတ်မှတ်သည့်စည်းကမ်းချက်များဖြင့် မီးသွေးဖို တည်ထောင်ခွင့်နှင့် မီးသွေးဖုတ်ခွင့်ပြုနိုင်သည်။

**အခန်း(၇)**

**သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း**

၂၃။ (က) သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းလိုသူသည် ညွှန်ကြားရေးမှူးချုပ်က ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သက်ဆိုင်ရာ သစ်တောအရာရှိထံမှ မျှောစာလျှောက်ထား ရယူရမည်။ မိမိအိမ်သုံး ပရိဘောဂအသုံးအဆောင်များဖြစ်ပါက သက်ဆိုင်ရာ သစ်တောအရာရှိထံမှ ထောက်ခံချက် ရယူရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် အောက်ပါကိစ္စရပ်များနှင့် အကျုံးမဝင်စေရ -

(၁) သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ပြုထားသည့် နေရာဒေသအတွင်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၂) သတ်မှတ်သည့် အရေအတွက်ထက်မပိုသော စီးပွားဖြစ်မဟုတ်သည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်း၊

(၃) စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ သယ်ယူရွှေ့ပြောင်းခြင်း။

၂၄။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်းကို စစ်ဆေးရန်နှင့် ကျသင့်သောအခွန်အခများကို ကောက်ခံနိုင်ရန်လိုအပ်သော သစ်တောကင်းရုံးများကို တည်ထောင်ထားရှိနိုင်သည်။

၂၅။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် -

(က) မျှောစာကို မိမိနှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်။

( ခ ) သက်ဆိုင်ရာသစ်တောကင်းရုံးများ၏ စစ်ဆေးခြင်းနှင့်သတ်မှတ်ထားသော အခွန်အခစည်းကြပ်ခြင်းကို ခံယူရမည်။

၂၆။ (က) ညွှန်ကြားရေးမှူးချုပ်သည် သစ်များကိုဖောင်ဖွဲ့၍ မျှောချရမည့် ဖောင်ဖွဲ့ဆိပ်များကို သတ်မှတ်ပေးရမည်။

( ခ ) ဖောင်ဖွဲ့၍ မျှောချမည့် သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် ဖောင်ဖွဲ့ဆိပ်မှစ၍ သစ်ဖောင်များကို သတ်မှတ်ချက်များနှင့်အညီ မျှောချရမည်။

**အခန်း(၈)**

**ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များ စီမံခန့်ခွဲခြင်း**

၂၇။ ထိန်းသိမ်းကွပ်ကဲမှုမရှိဘဲ မျောလာသည့် သစ်ဖောင် သို့မဟုတ် သစ်ကို ရေမျောကမ်းတင်သစ်ဟု သတ်မှတ်သည်။

၂၈။ (က) အောက်ပါသစ်များသည် တစ်ဦးတစ်ယောက်ပိုင်ဆိုင်ကြောင်းကို သတ်မှတ်သည့် ကာလအတွင်း ခိုင်လုံစွာ တင်ပြခြင်းမပြုနိုင်လျှင် ပိုင်ရှင်မဲ့သစ်ဖြစ်သည်ဟု မှတ်ယူရမည် -

(၁) ရေမျောကမ်းတင်သစ် သို့မဟုတ် နစ်မြုပ်လျက်တွေ့ရှိသည့် သစ်များ၊

(၂) မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ် ရိုက်မှတ်ထားခြင်း မရှိသည့် သစ်များ၊

(၃) ရိုက်မှတ်ထားသော မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်တံဆိပ်ကို ပုံသဏ္ဌာန် ပြောင်းလဲဖျက်ဆီးထားသည့် သစ်များ။

( ခ ) သစ်တောဝန်ထမ်းသည် ပုဒ်မခွဲ (က) ပါသစ်များကို စာရင်းရေးသွင်းမှတ်တမ်းယူပြီး သစ်တောကင်းရုံး သို့မဟုတ် သစ်ဆိပ်များသို့ စုသိမ်းယူဆောင်လာခွင့်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏**
**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ ။)**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၂ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**
**အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**
**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**
**ရငွေများနှင့်သုံးငွေများ**

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရသောရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

*(ဆက်လက်ဖော်ပြပါမည်)*


## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်းလုပ်ငန်းတွင် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်လွှာ

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဖောင်းရစ်၊ သပိတ်မှောက်၊ ရင်စည်း၊ ခေါင်းလောင်း၊ ကျည်းဝန်း၊ ရှစ်မြှောင့်၊ ပစ္စယာ၊ ပန်းတည်ခုံ စသည်ဖြင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော်များ ကပ်လှူပူဇော်မည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့က စိတ်စေတနာ၊ သဒ္ဓါတရားတတ်အားသရွေ့ စေ့ဆော်ကြည်ဖြူ အလှူတော်ငွေများ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်ဌာန**
-နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့
ဖုန်း၊ ၀၆၇-၂၅၉၄၃/ ၂၁၂၁၇/ ၂၂၀၂၀
၀၉-၅၁၃၅၆၉၈/ ၀၉-၂၅၃၉၈၇၃၃၈/ ၀၉-၄၉၂၀၄၁၃၀

**ဂေါပကအဖွဲ့**
**ဥပ္ပါတသန္တိစေတီတော်**



## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ ကိုးကွယ်ရာ စေတီတော်ကြီးဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရဟန်းရှင်လူ ပြည်သူပြည်သားအားလုံးတို့ ဖူးမြော်ကြည်ညို ရသကဲ့သို့ ဖူးမြော်ကြည်ညိုနိုင်စေရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"ကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က သဒ္ဓါထက်သန်စွာ စုပေါင်းပါဝင်လှူဒါန်းပူဇော် တည်ထားကိုးကွယ်ခဲ့ရာ ၉-၃-၂၀၀၉ ရက်နေ့တွင် သပ္ပာယ်တင့်တယ်စွာ တည်ထားပြီးစီး၍ ရွှေထီးတော် တင်လှူခဲ့ပါသည်။ ထိုစဉ်က ရွှေစင်ရွှေပြားကပ်လှူခြင်းအား စေတီတော်ကြီး၏ ကြာနုအောက်ခြေအထိ ကပ်လှူပူဇော်ခဲ့ပြီး ဖြစ်ပါသည်။ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် အပေါ်ပိုင်း တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ် သုံးပေအထိ ရွှေစင်ရွှေပြား ၂၅၅၄ ချပ်ဖြင့် ၈-၁၁-၂၀၁၄ ရက်နေ့မှ ၂-၂-၂၀၁၅ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက် ကပ်လှူပူဇော်ပြီးစီးခဲ့ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သောဒုတိယဖောင်းရစ် ဧရိယာ ၁၈၈၈ စတုရန်းပေအား ရွှေစင်ပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ပြားတစ်ချပ် (အရွယ် တစ်ပေ × တစ်ပေ၊ အလေးချိန်ရွှေတစ်ကျပ်သား)၏ ကုန်ကျစရိတ်မှာ ငွေကျပ် ၉၀၀၀၀၀/-(ကျပ် ကိုးသိန်းတိတိ) ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ -** နေပြည်တော်ကောင်စီ ၀၆၇-၅၅၀၂၁၃၊ နေပြည်တော်သာသနာရေးမှူးရုံး ၀၉-၂၁၃၂၁၉၁/၀၆၇-၅၅၀၃၂၁၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ၀၉-၅၁၃၅၆၉၈/၀၉-၂၅၃၉၈၇၃၃၈/၀၉-၄၉၂၀၄၁၃၀/ ၀၆၇-၂၅၉၄၃/ ၂၁၂၁၇/ ၂၂၀၂၀

**ဂေါပကအဖွဲ့**
**ဥပ္ပါတသန္တိစေတီတော်**


# ကျောက်ကြီးမြို့၌ ရှင်ဥပဂုတ္တ ရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

ကျောက်ကြီး စက်တင်ဘာ ၂၁

**အကြိမ် (၁၃၀)မြောက် ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီးအရှေ့ တောင်ငူခရိုင် ကျောက်ကြီးမြို့အနော်ရထာလမ်း မြို့လယ်တံတားထိပ်ရှိ အဆိုပါပွဲတော်မုခ်ဦး၌ စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီ က ပြုလုပ်ခဲ့သည်။** (ယာပုံ)



အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ စန္ဒိမာ၊ မြို့နယ်သံဃနာယက အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တ နန္ဒိယ နှင့် ရှင်သီဝလိ ခြေတော်ရာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဒီပ တို့ဦးဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြသောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေနှင့် ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းလွင်၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလုဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အ.ထ.က ကျောင်းမှ ဘင်ခရာအဖွဲ့များ၊ တိုင်းရင်းသား ရိုးရာဝတ်စုံအဖွဲ့များ၊ မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး မြို့နယ် ဩဝါဒါစရိယ ဆရာတော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက မုခ်ဦးအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ဆက်လက်၍ ကျောက်ကြီးမြို့လယ်ချောင်းအတွင်း တက်ခုတ်ယိမ်းအကဖြင့် ကပြဖျော်ဖြေခြင်း၊ ရိုးရာလှေလှော်ပြိုင်ပွဲနှင့် ချောတိုင်တက်ပွဲများ ကျင်းပကြပြီး ည ၇ နာရီတွင် ရှင်ဥပဂုတ္တရဟန္တာမြတ်အား တော်သလင်းလဆန်း ၁၂ ရက် ညမှ တော်သလင်းလပြည့်ကျော် ၁ ရက်အထိ ညစဉ်ညတိုင်း မီးကြာခွက်များ မီးမျှောပူဇော်ကြမည်ဖြစ်သည်။ ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲအား နှစ်စဉ်ကျင်းပလာခဲ့သည်မှာ အကြိမ် ၁၃၀ မြောက်ရှိပြီဖြစ်ပြီး အစဉ်အလာကြီးသည့် ဘာသာရေးပွဲတော်နှင့် တစ်မြို့နယ်လုံး၏ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သည်နှင့်အညီ စက်တင်ဘာ ၁၇ ရက်မှ ၂၅ ရက်အထိ ကုန်းပွဲ၊ ရေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသောကြောင့် အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာ ဧည့်ပရိသတ်များဖြင့် အလွန်စည်ကားသော ပွဲတော်တစ်ခုဖြစ်သည်။

**ကိုသားကြီး(မြန်/ဆက်)**

# တာဝန်ရှိတဲ့သူအားလုံးက ရွေးကောက်ပွဲကျင်းပရာမှာ သမာသမတ်ကျစွာ အားလုံးပူးပေါင်းဆောင်ရွက်ပေးရမယ်

ဦးမြင့်နိုင်

## ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ "လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရှေ့ခရီးစဉ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့်နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ "လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရှေ့ခရီးစဉ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နောင်လတ်၊ ဦးစီးအရာရှိ ဒေါ်ဟေသူဆွေမွန်နှင့် ဒေါ်မေဇွန်သော်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**ဦးမြင့်နိုင်** ။ ။ အရွေးကောက်မခံရလို့ ပြည်သူ့အကျိုးကို မလုပ်တော့ဘူး၊ ရှုံးတယ်၊ နိုင်တယ်ဆိုတာက တော့ နားလည်လွယ်အောင်ပြောကြတာပါ။ ဒီလိုရွေးကောက်ပွဲမျိုးမှာတော့ ရှုံးတယ်ဆိုတာ မရှိဘူး။ ငါဒီတစ်ခါ ရွေးကောက်မခံလိုက်ရဘူး။ နောက်တစ်ခါ ရွေးကောက်ပွဲတွေ လာဦးမှာပဲ။ ဘာကြောင့် ဒီတစ်ကြိမ်မှာ ရွေးကောက်မခံရတာလဲဆိုတာ ပြန်သုံးသပ်ပြီးတော့ နောင်တစ်ချိန်မှာ ရွေးကောက်ခံရအောင် လုပ်ရမှာပါ။ ပြည်သူ့အကျိုးကို အမြဲဆောင်ရွက်နေရမယ်။ ရွေးကောက်ခံရသူကိုလည်း အသိအမှတ်ပြုပြီးတော့ ပူးပေါင်းဆောင်ရွက်ရမယ်။ ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်လိုက်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအနေနဲ့ရော ဘယ်လိုသဘောထားရှိရမလဲ ပြောပြပါဦး။

**ဒေါ်ဟေသူဆွေမွန်** ။ ။ ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်ဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်ခွင့်ရှိလာမယ်။ ဆန္ဒမဲပေးလိုက်တဲ့ ပြည်သူတွေရဲ့ ကိုယ်စားလှယ်သာဖြစ်တယ်လို့ မမှတ်ယူသင့်ပါဘူး။ မဲဆန္ဒနယ်တစ်နယ်လုံးရဲ့ကိုယ်စားပြုသူအဖြစ်သာ မှတ်ယူကြရမယ်။ ဆန္ဒမဲပေးခဲ့သူ၊ မပေးခဲ့သူဆိုပြီး ကျောသား ရင်သား ခွဲခြားလို့မရဘူး။ မဲဆန္ဒရှင် တစ်နယ်လုံးမှာရှိတဲ့ ပြည်သူအားလုံးရဲ့ကိုယ်စားပြုသူတစ်ဦးအနေနဲ့သာ မှတ်ယူထားသင့်ပါတယ်။ မဲဆန္ဒနယ်တစ်နယ်လုံးရဲ့ ကိုယ်စားပြုသူအနေနဲ့ဆိုရင် ပြည်သူလူထုနဲ့ နိုင်ငံတော်ကောင်းကျိုးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ရွေးကောက်ခံရတဲ့သူကလည်းပဲ ဒီလိုသဘောထားရမှာပဲဖြစ်ပါတယ်။ မဲပေးလိုက်တဲ့ ဆန္ဒမဲပေးလိုက်တဲ့ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ကရော ရွေးကောက်ပွဲပြီးသွားရင် ဘယ်လိုခံယူချက် ဘယ်လိုသဘောထားရမလဲ။

**ဦးဇော်နောင်လတ်** ။ ။ မဲဆန္ဒရှင် ပြည်သူတွေကလည်းပဲ ရွေးကောက်ပွဲမှာ ကြိုက်နှစ်သက်တဲ့သူကို လွတ်လွတ်လပ်လပ် မဲပေးပိုင်ခွင့်ရှိသလို မဲလည်းပေးကြရမှာ ဖြစ်ပါတယ်။ မဲပေးပြီးတဲ့နောက်ပိုင်းမှာ မဲရလဒ်အရ အများဆုံးအနိုင်ရရှိတဲ့သူကို ဝမ်းပန်းတသာနဲ့ ကြိုဆိုဂုဏ်ပြုတတ်ကြရမှာဖြစ်ပါတယ်။ မဲပေးလိုက်တဲ့ ကိုယ်စားလှယ်လောင်း အနိုင်မရရှိပေမယ့် ရွေးချယ်ခံရတဲ့သူဟာ အများစုက ရွေးချယ်ပေးလိုက်တဲ့ မဲဆန္ဒနယ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြု လက်ခံတတ်ကြရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒီမိုကရေစီရဲ့အနှစ်သာရ၊ ဒီမိုကရေစီရဲ့သဘော၊ ဒီမိုကရေစီရဲ့ စနစ်ကတော့ ပြည်သူတွေကပဲ အုပ်ချုပ်တာဖြစ်တယ်။ ပြည်သူကရွေးတဲ့ ပြည်သူ့ကိုယ်စားလှယ်ကို ရွေးချယ်လိုက်ပြီးတော့မှ သူတို့ကပဲ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်တာဖြစ်တယ်။ အဲဒီလိုရွေးလိုက်တဲ့နေရာမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ၊ ဆန္ဒမဲပေးတဲ့သူတွေနဲ့ ရွေးကောက်ပွဲရှိလာတဲ့အခါ ရွေးကောက်ခံရတဲ့သူတွေနဲ့ ရွေးကောက်မခံရတဲ့သူတွေဆိုပြီး ရလဒ်ကနှစ်မျိုးပဲရှိမှာ ဖြစ်တယ်။

ဒီမိုကရေစီရဲ့အနှစ်သာရအခြေခံသဘောကိုက လူအများစုရဲ့ဆန္ဒကို လူအနည်းစုက လေးစားရမယ်။ လူအနည်းစုရဲ့ဆန္ဒကိုလည်း လူအများစုက အလေးဂရုပြုရမယ်။ ပစ်ပယ်ထားလို့ မရပါဘူး။ ရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူအများစုက ရွေးကောက်လိုက်တဲ့ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်ကဆိုရင် မဲဆန္ဒနယ်တစ်နယ်လုံးကို ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်များက ရွေးကောက်ပွဲမတိုင်မီ ကိုယ်ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးပါ။ မဲရလဒ်ကြေညာတဲ့အခါ ကိုယ်မဲပေးတဲ့ကိုယ်စားလှယ်လောင်း မဟုတ်သော်လည်း အများက ရွေးချယ်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ပဲ ဖြစ်ပါတယ်။

ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်း ကိုယ်အနိုင်မရရှိသော်လည်း အနိုင်ရရှိတဲ့ ကိုယ်စားလှယ်လောင်းဟာ အများကရွေးချယ်တဲ့ ကိုယ်စားလှယ်ဖြစ်တယ်ဆိုတာကို လက်ခံပေးရမယ်။ သူ့ကိုဂုဏ်ယူရမယ်။ လေးစားရမယ်။ ချီးကျူးရမယ်။ ချက်ချင်း လက်ဆွဲနှုတ်ဆက်နိုင်ရမယ်။ အသိအမှတ်ပြုနိုင်ရမယ်။ သူနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နိုင်ရမယ်။ အဲဒီလိုဖြစ်အောင်လို့ ရွေးကောက်ပွဲတွေ ကျင်းပပေးနေပါတယ်။ မဲဆန္ဒပေးကြပါ။ ရွေးကောက်ခံရတာနဲ့ တစ်ပြိုင်နက်၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားတာနဲ့ တစ်ပြိုင်နက် နိုင်ငံအတွင်း အချုပ်အခြာဖြစ်တဲ့ အုပ်ချုပ်ရေးကဏ္ဍဖြစ်ဖြစ်၊ ဥပဒေပြုရေးကဏ္ဍဖြစ်ဖြစ် သူက ပါဝင်ဆောင်ရွက်ရတော့မှာဖြစ်ပါတယ်။

ပါဝင်ဆောင်ရွက်တဲ့အခါ ပြည်သူအများရဲ့ကိုယ်စားအဖြစ် ပါဝင်ဆောင်ရွက်ရ တာဖြစ်တယ်။ ကိုယ့်မဲဆန္ဒနယ်ရဲ့ကောင်းကျိုး၊ နိုင်ငံရဲ့ကောင်းကျိုး၊ ပြည်သူတွေရဲ့ ကောင်းကျိုးတွေကို လုံ့လစိုက်ပြီး အားထုတ်ဆောင်ရွက်ရမယ်။ ရွေးကောက်မခံရတဲ့သူကလည်း ခုနကပြောသလိုပဲ နောင်တစ်ချိန်မှာ ရွေးကောက်ခံရအောင် ကြိုးစားရမှာဖြစ်တယ်။ အမြဲတမ်းကြိုးစားနေရမယ်။ အဲဒီလို မြင့်မြတ်တဲ့ရွေးကောက်ပွဲဖြစ်ဖို့ဆိုရင် ဘယ်လိုဆောင်ရွက်မလဲဆိုတာလည်း ဆွေးနွေးပေးကြပါ။

**ဒေါ်မေဇွန်သော်** ။ ။ ဒီမိုကရေစီစနစ်မှာဆိုရင် ရွေးကောက်ပွဲတွေဆိုတာရှိနေမှာပါ။ နိုင်ငံရေးပါတီတွေဆိုတာလည်း ရှိနေမှာပါ။ ပြည်သူတွေကလည်း ဆန္ဒရှိတဲ့သူကို ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ခွင့်ဆိုတာလည်းရှိနေမှာပါ။ အဲဒီလို ရွေးကောက်ပွဲတွေ ကျင်းပတဲ့နေရာမှာ ဒီမိုကရေစီအစစ်အမှန်ကို ရရှိဖို့ဆိုရင် ရွေးကောက်ပွဲတွေကို ကြီးမှူးကျင်းပပေးနေတဲ့ ရွေးကောက်ပွဲကော်မရှင်၊ အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲတွေ၊ မဲရုံမှူးတွေ၊ မဲရုံကိုယ်စားလှယ်တွေ အစရှိတဲ့သူတွေ ကြီးကြပ်ပြီး ပါဝင်ဆောင်ရွက်ရတဲ့ တာဝန်ရှိသူအားလုံးက သမာသမတ်ကျကျ တရားမျှမျှတတနဲ့ ဆောင်ရွက်ပေးရပါမယ်။

> **"ဒီမိုကရေစီစနစ်မှာဆိုရင် ရွေးကောက်ပွဲတွေဆိုတာရှိနေမှာပါ။ နိုင်ငံရေးပါတီတွေဆိုတာလည်းရှိနေမှာပါ။ ပြည်သူတွေကလည်း ဆန္ဒရှိတဲ့သူကို ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ခွင့်ဆိုတာလည်း ရှိနေမှာပါ။ အဲဒီလို ရွေးကောက်ပွဲတွေကျင်းပတဲ့နေရာမှာ ဒီမိုကရေစီအစစ်အမှန်ကိုရရှိဖို့ဆိုရင် ရွေးကောက်ပွဲတွေကို ကြီးမှူးကျင်းပပေးနေတဲ့ ရွေးကောက်ပွဲကော်မရှင်၊ အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲတွေ၊ မဲရုံမှူးတွေ၊ မဲရုံကိုယ်စားလှယ်တွေ အစရှိတဲ့သူတွေ ကြီးကြပ်ပြီး ပါဝင်ဆောင်ရွက်ရတဲ့ တာဝန်ရှိသူအားလုံးက သမာသမတ်ကျကျတရားမျှမျှတတနဲ့ ဆောင်ရွက်ပေးရ ပါမယ်။"**



တခြားတစ်ဖက်က ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကလည်း သမာသမတ်ကျကျ တရားသဖြင့် မှန်မှန်ကန်ကန် ပါဝင်ယှဉ်ပြိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီလိုဝင်ရောက်ယှဉ်ပြိုင်ရာမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ဆောင်ရမယ့်အချက်တွေ၊ ရှောင်ရမယ့်အချက်တွေကို သိရှိထားမယ်ဆိုရင် ပိုပြီးတော့ အကျိုးဖြစ်ထွန်းစေမယ်လို့ ထင်မြင်မိပါတယ်။

**ဦးမြင့်နိုင်** ။ ။ ရွေးကောက်ပွဲကျင်းပမယ့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အပါအဝင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံးမှူးတွေစတဲ့ တာဝန်ရှိသူတွေအားလုံးက သမာသမတ်ကျကျ ဆောင်ရွက်ဖို့လိုပါတယ်။ မဲဆန္ဒရှင်တွေဘက်ကရော ဘာတွေလိုအပ်မလဲ။

**ဒေါ်ဟေသူဆွေမွန်** ။ ။ မဲဆန္ဒရှင်တွေကလည်း လွတ်လပ်စွာ၊ လျှို့ဝှက်စွာ မဲပေးပိုင်ခွင့်ရှိရမယ်။ ကိုယ်ကြိုက်နှစ်သက်ရာသူကိုလည်း ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိရမယ်။ မဲပေးတဲ့ မဲဆန္ဒရှင်အစစ်အမှန်ကိုလည်း ဖော်ထုတ်ပေးနိုင်ရမယ်။ ရွေးကောက်ပွဲ စတင်မကျင်းပမီကနေ ရွေးကောက်ပွဲကျင်းပပြီးစီးချိန်အထိ ပွင့်လင်းမြင်သာမှုရှိရမယ်။ လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ရာမှာလည်း အများပြည်သူရဲ့ယုံကြည်မှု လက်ခံမှုရရှိဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ ဒီမိုကရေစီအစစ်အမှန်ရဲ့ အရသာကို တွေ့နိုင်၊ မြင်နိုင်၊ ခံစားနိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ဦးမြင့်နိုင်** ။ ။ တာဝန်ရှိတဲ့သူအားလုံးက ရွေးကောက်ပွဲကျင်းပရာမှာ သမာသမတ်ကျစွာ အားလုံးပူးပေါင်းဆောင်ရွက်ပေးရမယ်။ မဲပေးတဲ့သူတွေကလည်း ကိုယ်ကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကို မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမယ်။ လွတ်လပ်ရမယ်။ လျှို့ဝှက်ရမယ်။ သူတို့ ဆန္ဒရှိတဲ့သူကို မဲပေးနိုင်အောင် ဆန္ဒအစစ်အမှန်ကိုလည်း ဖော်ထုတ်ပေးရမယ်။ အဲဒီလို ရွေးကောက်ပွဲတွေ ကျင်းပနိုင်အောင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း အချက်ငါးချက်ကို ဦးတည်ဆောင်ရွက်ပါတယ်။

ဥပဒေနဲ့အညီ လွတ်လပ်သော ရွေးကောက်ပွဲတွေဖြစ်ရမယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်ရမယ်။ အများယုံကြည်တဲ့ ရွေးကောက်ပွဲတွေဖြစ်ရမယ်။ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲတွေဖြစ်ရမယ်။ မဲဆန္ဒရှင်ရဲ့ဆန္ဒအမှန်ကိုဖော်ထုတ်နိုင်သော ရွေးကောက်ပွဲတွေဖြစ်ရမယ်။ ဒါကြောင့် ရွေးကောက်ပွဲလုပ်ငန်းကို ကြီးကြပ်ပြီးတော့ တာဝန်ယူဆောင်ရွက်နေတဲ့ ကော်မရှင်နဲ့ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူးတွေ တာဝန်ရှိသူတွေအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွေက အများရိုသေလေးစားတဲ့ ရပ်မိရပ်ဖတွေဟာဆိုရင် စေတနာနဲ့ သေချာပါဝင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

မြင့်မြတ်တဲ့လုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေတာကို ဂုဏ်ယူစရာကောင်းပါတယ်။ ဒါကြောင့် မြင့်မြတ်တဲ့ ရွေးကောက်ပွဲဖြစ်အောင် မြင့်မြတ်တဲ့လုပ်ငန်းကို မြင့်မြတ်တဲ့စိတ်ထားနဲ့ သမာသမတ်ကျစွာ ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီမိုကရေစီရဲ့အနှစ်သာရကို ရွေးကောက်ပွဲကျင်းပပေးခြင်းအားဖြင့် ပုံဖော်ပေးနေတာဖြစ်တယ်။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာဆိုရင် ဒီမိုကရေစီရဲ့အနှစ်သာရ၊ ဒီမိုကရေစီရဲ့သဘောတရား၊ ဒီမိုကရေစီရဲ့အရသာဒါတွေ အားလုံးကို တဖြည်းဖြည်းပုံပေါ်လာအောင် ကြိုးစားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

**ရှင်မင်း**

---

## သီပေါ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နည်းပညာသင်တန်းဖွင့်

**သီပေါ စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ နည်းပညာသင်တန်းပို့ချခြင်းကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမိုးကျော်စွာဝင်းက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ပိုမိုတတ်သိနားလည်စွာ ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နည်းပညာသင်တန်းသို့ တက်ရောက်လာကြသော တောင်သူ ၁၀၀ ကျော်တို့သည် ပေါ်ကြိုကျေးရွာအုပ်စု ဘက်စုံစံပြစိုက်ခင်းတွင် ခေါင်နှံ့စိုက်ခင်းနှင့် SRI စိုက်ကွင်းတို့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက လက်တွေ့ကွင်းဆင်းပြသပြီး ကျေးရွာအုပ်စုခန်းမနှင့် တောင်သူများ သိမြင်နိုင်သည့် နေရာများ၌ ချိတ်ဆွဲထားရှိရန် ပညာပေးပိုစတာများကို ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၁

**ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ ဥက္ကဋ္ဌ ဦးမင်းသူက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီဥက္ကဋ္ဌ ဦးမင်းသူ

**လေးစားမြတ်နိုးရပါသော ကျေးဇူးရှင် တောင်သူလယ်သမားဦးကြီးများနှင့် လုပ်သားပြည်သူ မိဘအပေါင်းတို့ခင်ဗျာ**

ယနေ့မှစ၍ နောင်နှစ်ပေါင်းများစွာအထိ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းနိုးကြား ပျော်ရွှင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ ဗဟိုအလုပ်အမှုဆောင် ဥက္ကဋ္ဌ ဦးမင်းသူပဲ ဖြစ်ပါတယ်ခင်ဗျာ။

ကျွန်တော်ပထမဦးဆုံး ကျေးဇူးတင်စကား ပြောကြားလိုတာကတော့ ကျေးဇူးရှင် လယ်သမားဦးကြီးများ စိုက်ပျိုးသော ဆန်ကိုစားပြီး ပါတီဥက္ကဋ္ဌဖြစ်လာခြင်းနှင့် နိုင်ငံရေးတွင် လူငယ်များရှပ်ရှပ်ချွံချွံ ပါဝင်ခွင့်ရသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီး၊ နိုင်ငံတော်သမ္မတကြီးနှင့်အတူ ကျွန်တော်တို့ပါတီ၏ အမှတ်တံဆိပ်အဓိပ္ပာယ်နှင့် မူဝါဒသဘောထားလုပ်ငန်းစဉ်များကို တင်ပြခွင့်ပေးထားသော ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်မြင်သံကြားဝန်ထမ်းများအားလုံးနှင့် နားသောတဆင်ပေးသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ရပါတယ် ခင်ဗျာ။

ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီကို ၂၉-၄-၂၀၁၅ ရက်နေ့တွင် ပါတီတည်ထောင်ခွင့် လျှောက်ထားပြီး ၄-၈-၂၀၁၅ ရက်နေ့တွင် ပါတီမှတ်ပုံတင်အမှတ်(၉၉) ဖြင့် ပါတီတည်ထောင်ခွင့် ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များမှာ လယ်သမား၊ အလုပ်သမား စစ်စစ်ကြီးများနှင့် ဖွဲ့စည်းတည်ထောင်ထားသလို ရှေ့နေ(၃)ဦးနှင့် ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားပါတယ်။

ကျေးဇူးရှင် လယ်သမားဦးကြီးများနှင့် ကာယဉာဏအလုပ်သမားတို့၏ စွမ်းအားကို ကမ္ဘာကသိရှိပြီး အလေးထားလာစေရန် ကျေးဇူးဆပ်သည့်အနေဖြင့် တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေဟန် လယ်သမားဦးကြီး၏ ပုံနှင့်အတူ အလုပ်သမားတံဆိပ် ပင်နယန်စက်သွားကို အလံပေါ်သို့ တင်ပေးထားပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျာ-**

ပါတီ၏အမည်နှင့် အဓိပ္ပာယ်မှာ

ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားအားဖြင့် Union Farmer-Labour Force ပါတီဟု ခေါ်တွင်စေရမည် ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း နေထိုင်ကြကုန်သော လယ်သမား၊ အလုပ်သမားများ အစဉ်အေးချမ်းသာယာရေးအတွက် အစိုးရအဆက်ဆက်နှင့် စုပေါင်းညီညာလက်တွဲကာ အင်အားယူပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာရေးကို အဓိကထားပြီး မြန်မာ့လယ်သမား၊ အလုပ်သမားကို ကမ္ဘာကသိရှိပြီး အလေးထားလာစေရန်အတွက် ဖွဲ့စည်းအမည်ပေးထားခြင်းပဲဖြစ်ပါတယ်။

ပါတီအလံနှင့် တံဆိပ်၏ အဓိပ္ပာယ်မှာ အနီရောင်နောက်ခံထားပြီး အရွယ်တူကြယ်ဖြူ(၁၄) လုံးနှင့် စက်သွားပင်နယန်၏ အလယ်တွင် အစိမ်းရောင်စက်ဝိုင်းအတွင်း ပြုံးရွှင်တက်ကြွနေသော မျက်နှာဖြင့် တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေသော လယ်သမားပုံကို အသိအမှတ်ပြု ရေးဆွဲထားပါတယ်။

အနီရောင်နောက်ခံသည် လယ်သမားအလုပ်သမားအပေါင်းတို့၏ သွေးသည် ရဲရင့်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိမည့် စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

အရွယ်တူကြယ်ဖြူ(၁၄)လုံးသည် တိုင်းနှင့်ပြည်နယ် (၁၄) ခုတို့အား ကိုယ်စားပြုပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အဆင့်အတန်း မခွဲခြားဘဲ တန်းတူရည်တူရှိမှုကို ရည်ညွှန်းပါတယ်။

ပင်နယန်၊ စက်သွားသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအလုပ်သမားထုကြီးကို ရည်ညွှန်းပါတယ်။

အစိမ်းရောင်စက်ဝိုင်းသည် ပြည်ထောင်စုလယ်သမား၊ အလုပ်သမားများ၏ စွမ်းအားဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်ညွှန်းပါတယ်။

ပြုံးရွှင်တက်ကြွနေသော လယ်သမား၏ပုံသည် ရန်သူမျိုးငါးပါး မည်သို့ပင် ကျရောက်ပါစေ ပင်ပန်းဆင်းရဲခံနေရမှုကို သားသမီးတို့အား အသိမပေးဘဲ အပြုံးဖြင့် အစဉ်လုပ်ကျွေးနေမည် ဟူသော ဖခင်ကောင်း၏ စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေဟန်သည် လယ်သမားအလုပ်သမား အင်အားဖြင့် နိုင်ငံတော်အတွင်း စားနပ်ရိက္ခာ ထာဝရဖူလုံရေးအတွက် အားကြိုးမာန်တက် အစဉ်ကြိုးစားနေမည်ဟု ရည်ညွှန်းပါတယ်။

တံစဉ်ကိုင်သော လယ်သမားအပေါင်းတို့လက်နှင့် အလုပ်သမားထု၏ လက်သည် တိုင်းတစ်ပါးမှ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာပါက တပ်မတော်နှင့်အတူ နိုင်ငံတော်ကို ကာကွယ်ရန်ဟူသော အမျိုးသားရေးစိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ၏ သုံးစွဲသည့်အလံနှင့် တံဆိပ်မှာ အတူတူပင်ဖြစ်ပါတယ်ခင်ဗျာ။

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် တိုင်းနှင့်ပြည်နယ် ၁၄ ခုတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသား လူမျိုးပေါင်း ၁၃၅ မျိုးရှိပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် တည်ဆောက်ထားသော နိုင်ငံတော်ကြီးပဲ ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသားအားလုံး ပိုင်ဆိုင်ကြသကဲ့သို့ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှု သွေးစည်းညီညွတ်မှုကို အခြေပြုရပ်တည်ဖွဲ့စည်းထားသော နိုင်ငံတော်ကြီးပဲ ဖြစ်ပါတယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် မြန်မာနိုင်ငံ၏ ကျေးလက်နေလယ်သမား အလုပ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် စက်မှုလယ်ယာစနစ်သို့ မြှင့်တင်ရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ပိုမိုဆောင်ရွက်ရေးနှင့် အလုပ်သမား လူတန်းစားများ၏ ဘဝတိုးတက်မြင့်မားရေးကို အခြေပြုလျက် ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ပါတီကို အမည်ပေးရာတွင် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတော်ဖြစ်သလို လယ်သမား၊ အလုပ်သမားအများစုဖြစ်နေကြပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသား လယ်သမား၊ အလုပ်သမားအပေါင်းတို့၏ အင်အားနှင့် စုစည်းပြီး ခေတ်အဆက်ဆက် တက်လာမည့်အစိုးရနှင့် လက်တွဲညှိနှိုင်းကာ ပြည်ထောင်စုကြီး အေးချမ်းသာယာရေးကို ရှေးရှုလျက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ အပိုဒ်(၂၁)(က) အရ နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရရှိရေးနှင့် အခန်း(၈)နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အပိုဒ် ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ဆိုင်ခွင့်ပေးရမည်နှင့် အညီ ရည်ရွယ်ပြီး "ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ" ကို ဖွဲ့စည်းတည်ထောင်ရခြင်းပဲ ဖြစ်ပါတယ်။

**(မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား)**

**နိုင်ငံရေးဆိုင်ရာ မူဝါဒအားဖြင့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက် ကျူးကျော်လာပါက တံစဉ်ကိုင်ကာ ပြည်သူ ၅၁ သန်းအား အလုပ်အကျွေးပြုနေသော လယ်သမား အလုပ်သမားတို့၏ လက်သည် တပ်မတော်နှင့်အတူ ယှဉ်တွဲတိုက်ပွဲဝင်ရန် အသင့်အနေအထားဖြင့် ရပ်တည်မည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပွင့်လင်းမြင်သာသော လူ့အဖွဲ့အစည်းအား အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော ဒီမိုကရေစီစနစ်ကို အခြေခံသည်နှင့်အညီ အချုပ်အခြာအာဏာသည် ပြည်သူ့လက်ဝယ်သို့ ရောက်ရှိရေးကို အလေးထားရပ်တည်မည်။

အမျိုးသားသင့်မြတ်ပေါင်းစည်းရေးအတွက် နိုင်ငံတော်၏ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ တွေ့ကြုံခဲ့ရသည့် ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် အမျိုးသားရေးအမြော်အမြင်အပေါ် အခြေခံသည့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပြည်ထောင်စုဖွားတိုင်းရင်းသား လယ်သမား အလုပ်သမားတို့၏ အင်အားဖြင့် အမျိုးသားရေးကို သစ္စာမဖောက်ဘဲ အမျိုးသားအကျိုးစီးပွားကို အစဉ်ကာကွယ်စောင့်ရှောက်သွားခြင်းဖြင့် ရပ်တည်မည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်များအား စုပေါင်းတည်ထောင်သည့် ပြည်ထောင်စုကြီးအဖြစ် တိုင်းရင်းသားလူမျိုးစုများ၏ လိုလားချက်ကို ဖြည့်ဆည်းပေးရမည်ဟု အလေးအနက်ရပ်တည်မည်။

လူထုလူတန်းစားကို ကိုယ်စားပြုသည့် ပွင့်လင်း၍ ထင်သာမြင်သာရှိသော အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရှိရမည်နှင့်အညီ

(၁) လယ်သမားလူတန်းစားကို ကိုယ်စားပြုအဖွဲ့အစည်းများ

(၂) အလုပ်သမားလူတန်းစား ကိုယ်စားပြုအဖွဲ့အစည်းများ

(၃) တိုင်းရင်းသားလုပ်ငန်းရှင်များ ကိုယ်စားပြုအဖွဲ့အစည်းများ

(၄) အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ

(၅) ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရှိရေးကို ထောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

**ဥပဒေရေးရာ မူဝါဒအားဖြင့်**

ဥပဒေပြဋ္ဌာန်းရေးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အဓိကဖြစ်ပါတယ်။ ထို့ကြောင့် ဥပဒေအထက်မှာ မည်သူမျှ မရှိစေရဘဲ ဥပဒေကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားအားလုံးက တန်းတူလက်ခံကျင့်သုံးမှသာလျှင် တရားဥပဒေစိုးမိုးမည်ဖြစ်ပါတယ်။

လယ်သမားများအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ဥပဒေနှင့် လယ်ယာမြေသိမ်းဆည်းမှုတွင် ဥပဒေနှင့်အညီ ရှိရမည်ဖြစ်ပါတယ်။

အလုပ်သမားများအတွက် လုပ်ခလစာ ထိုက်ထိုက်တန်တန်ရရှိနိုင်ရန် ဥပဒေပြဋ္ဌာန်းရေးနှင့် လုပ်ငန်းခွင်အတွင်း ပျက်စီးဆုံးရှုံးလိုက်ရသော အလုပ်သမားတစ်ဦး၏ ကိုယ်လက်အင်္ဂါချို့ယွင်းမှုအတွက် ထိုက်တန်သော ထောက်ပံ့မှုများ ရရှိနိုင်ရေးနှင့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုပေးနိုင်သော အလုပ်သမားရေးဝန်ကြီးများ ပေါ်ပေါက်လာရေးကိုလည်း အဓိကထား ဆောင်ရွက်မည်ဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်းသည် တရားဥပဒေစိုးမိုးရေးကို လက်ခံပြီး ဥပဒေ၏ အကာအကွယ်ကို အပြည့်အဝရရှိခံစားနိုင်စေရန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ကျန်းမာရေးဆိုင်ရာမူဝါဒအားဖြင့်**

ဆင်းရဲသား လယ်သမား၊ အလုပ်သမားများအတွက် ကျန်းမာရေးဟာ အဓိကပါ။ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းတွေ အများကြီးလိုအပ်ပါတယ်။ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး မကောင်းသော ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများ ရောက်ရှိမှုနည်းပါးနေမှုကို ယခုမျက်မှောက်ကာလတွင် တွေ့မြင်နေရပါတယ်။ အဆိုပါ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတို့ကိုလည်း အဓိကထား ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**စီးပွားရေးဆိုင်ရာ မူဝါဒအားဖြင့်**

ကျွန်ုပ်တို့၏ တိုင်းပြည်သည် စိုက်ပျိုးရေးကို အခြေခံသော တိုင်းပြည်ဖြစ်သကဲ့သို့ ဆင်းရဲသား၊ လယ်သမား၊ အလုပ်သမား အများစုနိုင်ငံ ဖြစ်နေပါတယ်။

ကျွန်ုပ်တို့၏ တိုင်းပြည်မှာ ကမ္ဘာ့အလယ်တွင် တင့်တယ်စေဖို့ အခြေခံလူတန်းစားများ၊ စီးပွားရေးဦးမော့လာနိုင်မှသာလျှင် တိုင်းပြည်ကို တိုးတက်ပြောင်းလဲပြီဟု မှတ်ယူရမည်ဖြစ်သည်နှင့်အညီ လယ်သမား၊ အလုပ်သမားများအတွက် ခိုင်လုံသော စီးပွားရေးအဆင်ပြေစေရန် တည်ငြိမ်သော စပါးဈေးကွက်နှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ထို့ကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်များ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ပညာရေးဆိုင်ရာ မူဝါဒအားဖြင့်**

ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းဆက်ဆံရာတွင် အဓိကအကျဆုံးမှာ ပညာရေးပင်ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကောင်းဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ပညာရေးဝန်ထမ်းများ အများအပြားလိုအပ်ပါတယ်။ လယ်သမားများအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အဓိကကျဆုံးမှာ ပညာရေးပင်ဖြစ်ပါတယ်။ ပညာတတ်မှ နည်းပညာကို သိမှာပါ။ နည်းပညာ သိမှသာလျှင် နိုင်ငံတော်သမဝါယမအသင်းစုနှင့် ကုမ္ပဏီများမှ အရစ်ကျချပေးသော လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို စနစ်တကျ အသုံးပြုလာနိုင်ပြီး စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်မှုမှာ လွယ်ကူလာမှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများတွင် စာသင်ကျောင်းများလည်း ရှားပါး သကဲ့သို့ ပညာရေးဝန်ထမ်းများလည်း မျက်မှောက်ကာလမှာ ရှားပါးနေမှုများကို တွေ့မြင်နေရပါတယ်။ ထို့ကြောင့် ၎င်းဒေသရှိ ကျေးရွာလူကြီးများမှ မိမိတို့ကျေးရွာအတွက် နေ့စားလပေး ဆရာဆရာမများကို ခေါ်ယူလျက်ရှိနေသည်မှာ ယနေ့တိုင်ပင်ဖြစ်ပါတယ်။ နေ့စားလပေးဆရာ ဆရာမများသည် ပညာရေးကောလိပ်မှ ဆင်းသက်လာသော ပညာရေးဝန်ထမ်းများမဟုတ်သကဲ့သို့ သင်ကြားရေးမှာ မတိုးတက်ဘဲ ရှိနေသည်ကို တွေ့မြင်နေရပါတယ်။ အဆိုပါ ပြဿနာများကိုလည်း အဓိကထား ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။



**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား၊အလုပ်သမား အင်အားစုပါတီသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသလို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ဝင်ရောက်အရွေးချယ်ခံခဲ့ပါတယ်၊ အခြေခံလူတန်းစားများသည် မိမိတို့ရဲ့ လယ်သမားဦးကြီးပုံနှင့် ပင်နယန်စက်သွားကို လွှတ်တော်ထဲသို့ အရောက်မပို့နိုင်ခဲ့ပါသောကြောင့် မျက်မှောက်ကာလတွင် ကယ်ပါကယ်ပါအော်ပြီး ဆန္ဒပြထုတ်ဖော်ပါသော်လည်း ပြည်သူတင်မြှောက်ထားသော အစိုးရ၏ ပုံရိပ်ထိခိုက်ရုံကလွဲ၍ အကြောင်းထူးလာမည်မဟုတ်ပါဟု ပြောကြားလိုပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်အတွင်း လယ်သမား၊ အလုပ်သမားအရေးများနှင့် ဥပဒေရဲ့အကာအကွယ် ရရှိမှု နည်းပါးနေခြင်းကို တင်ပြဆွေးနွေးနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ မဲဆန္ဒနယ်၊ နယ်မြေ(၁) မှ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ် ခင်ဗျာ။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီအနေဖြင့် ရွေးကောက်ပွဲကြီးအလွန်တွင် အခြေခံလူတန်းစားလယ်သမား၊ အလုပ်သမားများအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များမှာ ခေတ်အဆက်ဆက် မြေယာဥပဒေများ၏ တချို့သော အားနည်းချက်များကို လွှတ်တော်အတွင်း လွှတ်တော်ပြင်ပ ထောက်ပြဆွေးနွေးပြောကြားသွားမှာ ဖြစ်ပါတယ်။

ထို့အပြင် ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီမှ နေရာဒေသအသီးသီးသို့ နစ်နာသူလယ်သမားများ အကျိုးအတွက် ဥပဒေနှင့်အညီ လိုက်လံကူညီဆောင်ရွက်ပေးလျက်ရှိရာ တချို့နေရာများတွင် ဦးပိုင်အမှတ် အကွက်အမှတ်များ မှားယွင်းပြီး တရားစွဲ ထောင်ကျခြင်းကို ခံနေရသော လယ်သမားများ ဒုနဲ့ဒေးပင် ရှိနေဆဲပင်ဖြစ်ပါတယ်။

သိမ်းဆည်းခံလယ်သမားကြီးများအနေဖြင့် ယခုအစိုးရလက်ထက်တွင် ပြန်လည်ရရှိကြသော်လည်း ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)သာ ရရှိထားပြီး ပုံစံ(၇) လက်ဝယ်ရရှိရေးမှာ ခက်ခဲနေကြတာ တွေ့မြင်နေကြရပါတယ်။ အဆိုပါ ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးထံ တင်ပြအကူအညီတောင်းခံပေးသွားမှာ ဖြစ်ပါတယ်။

အမှန်တကယ် လယ်ယာမြေလုပ်ကိုင်နေသော တောင်သူလယ်သမားကြီးများအား စိုက်ပျိုးစရိတ်ချေးငွေအချိန်မီ ရရှိရေး။

မျိုးစပါးများအား မျိုးကောင်းမျိုးသန့်ထုတ်ပေးနိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးများမှ မျိုးကောင်းမျိုးသန့်များ ရောင်းချပေးမှုအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိနိုင်သော ဥပဒေများပြဋ္ဌာန်းနိုင်ရေး။

သွင်းအားစုဟု ခေါ်တွင်သော ဓာတ်မြေသြဇာများအား သင့်တင့်သော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး။

ထွက်ရှိလာသော စပါး၊ ကောက်ပဲသီးနှံများအား ရသင့်ရထိုက်သော ဈေးနှုန်းများရရှိစေရေးနှင့် ဈေးကွက်ဖော်ဆောင်ပေးရေး။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ခေတ်မီဖွံ့ဖြိုးပြောင်းလဲရေးအတွက် သင်တန်းများ ပို့ချနိုင်ရေး။

အမှန်တကယ် လုပ်ကိုင်စိုက်ပျိုးနေသော တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာမြေကေနှင့်အညီ ချေးငွေများ ရရှိစေရေး။

အမှန်တကယ် လုပ်ကိုင်နေသော တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇)ရရှိရေးနှင့် လယ်သမားစစ်စစ်များကိုသာ ပုံစံ(၇)ထုတ်ပေးနိုင်ရေး။

လယ်ယာထုတ်ကုန်သီးနှံများ ရောင်းချရန်အတွက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရေးနှင့် ကျေးရွာတိုင်းတွင် ပြုလုပ်ပေးနိုင်ရေး။

ကျေးဇူးရှင် တောင်သူလယ်သမားကြီးများ အမှန်တကယ်စိုက်ပျိုးနေသော လယ်ယာမြေများအား သိမ်းယူမှုမရှိစေရေးကို ယခုတိုင်းပြည်တာဝန်ယူထားသော အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး။

ဆုံးရှုံးသွားသော လယ်ယာမြေများနှင့် သိမ်းဆည်းခံရသော လယ်ယာမြေများအား တောင်သူလယ်သမားဦးကြီးများ လက်ဝယ်သို့ ပြန်လည်ရရှိစိုက်ပျိုးနိုင်ရေးအတွက် ယခုတိုင်းပြည်တာဝန်ယူထားသော အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ကာ လယ်သမားများ စိတ်ချမ်းသာစေရေး။

ဆင်းရဲသားအလုပ်သမားများအတွက် သက်သာဆိုင်များ ဖွင့်လှစ်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီများမှ အလုပ်သမားအခွင့်အရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများကိုလည်း ယခုတိုင်းပြည် တာဝန်ယူထားသော အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပါ ညှိနှိုင်းဆောင်ရွက်ကာ လယ်သမား အလုပ်သမားများအတွက် ခေါင်းမော့ရင်ကော့နိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ တိုင်းပြည်ဟာ ရိုးသားကြိုးစားသော လယ်သမား၊ အလုပ်သမားများနှင့် နိုင်ငံတည်ထားခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လယ်သမား၊ အလုပ်သမားတွေဟာ ကောင်းကင်မှာရှိသော ကြယ်ပွင့်များနှင့် တူပါတယ်။ ကြယ်ပွင့်တွေဟာ နေရောင်ခြည်ရဲ့ စွမ်းအားနှင့် ညအခါမှာ အလင်းပြန်ပေးနိုင်တာပါ။ သို့ဖြစ်ပါ၍ လယ်သမား အလုပ်သမားများအား နေရောင်ခြည်ကဲ့သို့ မေတ္တာဖြင့် ဖွံ့ဖြိုးတိုးတက်မှုပေးနိုင်သော နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်အတိုင်ပင်ခံနှင့် လွှတ်တော်သုံးရပ်ရှိ ဥက္ကဋ္ဌများ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးမှသာလျှင် ဆင်းရဲသား လယ်သမားအလုပ်သမားများမှလည်း နိုင်ငံတော်သို့ အလင်းခွန်အား ပြန်လည်ပေးဆောင်နိုင်မှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

သို့ဖြစ်ပါသောကြောင့် ကျွန်တော်တို့ပါတီမှ လယ်သမားဦးကြီးများကို ကိုယ်စားပြုသော လယ်သမားဦးကြီး၏ပုံစံနှင့် အလုပ်သမား ကိုယ်စားပြုသော ပင်နယန်စက်သွားကို အလံပေါ်တင်ပေးထားခြင်း ဖြစ်ပါတယ်။ လယ်သမား၊ အလုပ်သမားဦးကြီးများကလည်း မြင့်တယ်ထင်ပြီး အလံပေါ်မှ ခုန်မချကြဖို့ ပြောကြားတိုက်တွန်းရင်း လာမည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေး ကောက်ပွဲတွင် အခြေခံလူတန်းစားလယ်သမား၊ အလုပ်သမားများအတွက် လွှတ်တော်အတွင်း ရဲရဲရင့်ရင့်ဖြင့် တင်ပြဆွေးနွေးနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တို့ပါတီနှင့်အတူ လက်တွဲ၍ ရွေးချယ်နိုင်ပြီး ဆန္ဒနှင့်ဘဝများ ထပ်တူကျကာ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်ခင်ဗျား။

# ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် (မော်လမြိုင်) စတင်ကျင်းပ




**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အနာဂတ်တွင် ဂေါက်သီးမျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ Myanmar Zew Mann Co.,Ltd ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(တတိယ)ပွဲစဉ် ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ဂေါက်ကွင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများ၊ အမြောက်စစ်ဆင်ရေးကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများ၊ Myanmar Zew Mann Co.,Ltd မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်နှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်သည်။

ဖွင့်ပွဲတွင် အားကစားသမားများ သတ်မှတ်တီခုံများပေါ်တွင် နေရာယူကြပြီး မွန်ပြည်နယ် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ဦးဝင်းလှိုင်၊ အမြောက်စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် သက်အောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေး၊ Myanmar Zew Mann Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်တို့က အလှည့်ကျ ဂေါက်သီးရိုက်ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။ ယင်းပြိုင်ပွဲတွင် ပညာရှင်အဆင့် ၂၆ ဦး၊ ဝါသနာရှင်အဆင့်(အမျိုးသား) ၈၆ ဦး၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) ကိုးဦး စုစုပေါင်းအားကစားသမား ၁၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ပြည်တွင်းဂေါက်သီးရိုက်ပြိုင်ပွဲများကို MWD Bank, INNWA Bank, Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar), Mottama Holding Co.,Ltd နှင့် Myanmar Zew Mann Co.,Ltd တို့မှ အဓိကကူညီပံ့ပိုးထားပြီး ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပါတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(တတိယ)ပွဲစဉ်အား စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

# လှိုင်မြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူးဖလားအသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူးဖလားအသက်(၂၁)နှစ်အောက် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက လှိုင်မြို့နယ်ရှိ ရန်ကုန်ယူနိုက်တက်ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲများကို အောက်တိုဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး လှိုင်မြို့နယ် ၁၆ ရပ်ကွက် ကိုယ်စားပြုအသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယနေ့တွင် ညွှန့်ပေါင်း ၁ နှင့် အမှတ် ၁၂ ရပ်ကွက်၊ အမှတ် ၁၅ နှင့် အမှတ် ၁၆ ရပ်ကွက်၊ ညွှန့်ပေါင်း ၃ နှင့် ညွှန့်ပေါင်း ၂ တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်း၊ တိုင်းဒေသကြီး ၂ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌွေးနှင့် ဌာနဆိုင်ရာများ ဖိတ်ကြားထားသော အသင်းအဖွဲ့များ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သန္တာမေ(ပြန်/ဆက်)**

# ဇေယျာသီရိ၌ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ကေများအတွက် ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော မိုးစပါး၊ မိုးသီးနှံများအတွက် တောင်သူများအား ထောက်ပံ့ပေးအပ်ခြင်းနှင့် မျိုးသန့်မျိုးစပါး ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က ကျောက်ချပ်ကျေးရွာ စိုက်ပျိုးရေးအသိပညာစင်တာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းဦးက စိုက်ပျိုး ရေးဆိုင်ရာများနှင့် တောင်သူများအား ထောက်ပံ့ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကား ပြောကြားသည်။ ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေကြီးနစ်မြုပ်မှုကြောင့် စပါးစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူများအား မျိုးစပါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းနှင့် ရေမိုင်လှည့်ကင်းများဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၁**

မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေရုံး ကွပ်ကဲမှုအောက် မှတ်တိုင်(၅၁) ကင်းစခန်းမှ ဒုတိယရဲအုပ်မြင့်မောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Panchari ကင်းစခန်းမှ Naib Subedar Md. Salim Miah ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ စကားပြန်/လမ်းပြများသည် စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်မှ ၁၁ နာရီ ၄၅ မိနစ်ထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ် မှတ်တိုင်(၅၁) မှ (၅၁/၅)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ နံနက် ၈ နာရီခွဲ မှ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ထိ မောင်တောမြို့နယ်၊ နယ်မြေ(၃) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တောင်ပြို(ယာ)နယ်မြေရဲစခန်းမှ ရဲအုပ် ကျော်ဇောဦး ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် Rejuamtoli ကင်းစခန်းမှ Subedar Md. Delowar Hossain ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် စကားပြန်တစ်ဦးတို့သည် မိမိတို့ နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ် မှတ်တိုင်(၃၉)မှ (၄၀)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်က မောင်တောမြို့နယ်မြေ(၅) အမှတ်(၂) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရဲစခန်းမှူး ဒုတိယရဲမှူး မောင်မောင်ရင် ဦးစီးသည့်တပ်ဖွဲ့များသည် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေး ရေယာဉ် အမှတ် (၀၀၁)၊ (၀၀၅) နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB (2) မှ Subedar Ab Razzak ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ် နှစ်စင်းဖြင့်လည်းကောင်း မင်္ဂလာကြီးချောင်းဝထိပ် နတ်မြစ်မြစ်လယ်ရှိ နှစ်နိုင်ငံ နယ်နိမိတ်အနီး ရေမိုင်အမှတ်(၈)၌ တွေ့ဆုံပြီး ရေယာဉ်လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ကင်းလှည့်ခဲ့ရာ ဦးရှည်ကျချောင်းဝအနီး ရေမိုင်အမှတ်(၁၁)သို့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရောက်ရှိပြီး ရေယာဉ် အမှတ်(၀၀၅)ပေါ်၌ နှစ်ဖက်ညှိနှိုင်း ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**




# ကျောက်မဲ-နောင်ချို ဂုတ်တွင်းလမ်းပိုင်း၌ တွဲယာဉ်တစ်စီးလဲကျ၍ လမ်းပိတ်ဆို့

**သီပေါ စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး - လားရှိုး - မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ၊ နောင်ချိုဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ်(၁၃/၄) ကုလားမကွေ့၌ ယနေ့နံနက် ၁၁ နာရီက ပလတ်စတစ်ဖြတ်စများတင်ဆောင်၍ မန္တလေးမှ မူဆယ်သို့ တက်မည့် ယာဉ်မောင်း ကိုဝဏ္ဏထွန်း မောင်းနှင်သည့် တွဲယာဉ် အမှတ်၊ ------ သည် နောက်တွဲလဲသွားပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ယာဉ်ကြောင့် အတက်၊ အဆင်းယာဉ်များလမ်းပိတ်ဆို့မှုဖြစ်ပွားရာ ကျောက်မဲခရိုင်အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ၏ ပူးပေါင်းကူညီဆောင်ရွက်မှုကြောင့် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မန္တလေး-လားရှိုး-မူဆယ် ဂုတ်တွင်းလမ်းပိုင်းပွင့်သွားပြီး အလှည့်ကျစေလွှတ်ကာ ပုံမှန်အတိုင်း သွားလာနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# မံစီ၊ မိုင်းရှူး၊ လားရှိုးနှင့် ရပ်စောက်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက် ညနေ ၆ နာရီက မံစီမြို့နယ် ဟန်ထက် - မန်သာသွား ကားလမ်းတွင် ကျော်ဇင်လတ် မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၉၀၀၊ ဘိန်းစိမ်း ၄၀၀ ဂရမ်နှင့် ဘိန်းဖြူ ၃၈ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်ဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာမည်ဖြစ်ကြောင်း သတင်းအရ လိုက်လံစုံစမ်းရာ ကောင်းမူးတုံရပ်ကွက်အမှတ်(၅)နယ်မြေတွင် ငှားရမ်းတည်းခိုနေထိုင်သူ ဇော်လင်း၏ ယာဉ်ဖြစ်ကြောင်း သိရ၍ ၎င်းနေအိမ်အားရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၄၃ ခွက်ဖြင့် ထည့်လျက် ဘိန်းဖြူ အလေးချိန် ၄၇၃ ဂရမ်နှင့် Lexus Harrier မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ည ၁၀ နာရီ ၁၅ မိနစ်က မိုင်းရှူးမြို့နယ် ပါနိမ့်ကျေးရွာနေ ဝင်းဗိုလ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၅၃၀၊ ဘိန်းဖြူ ၅၀ ဂရမ်၊ ငွေကျပ်သိန်း ၅၀ တို့ကို လည်းကောင်း။

ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့အမှတ်(၇)ရပ်ကွက် ဒေါ်မောင်ကလီ(ခ)ဟာလီမန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တစ်ရပ်ကွက်တည်းနေ သမက်ဖြစ်သူ ချစ်ကိုကို(ခ)အေလျှက်နေထိုင်ရာ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခုတင်ခြေရင်း အဝတ်ဗီရိုကြားရှိ စက္ကူဘူးခွံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၀၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၃၉၀ ဂရမ်နှင့် ငွေကျပ် ၁၅၀၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက ပင်ပြစ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ဆတ်သေ-မြေမဲ-ကျောက်ငှက်သွား ကားလမ်းတွင် စိုးမိုးနိုင် မောင်းနှင်ပြီး အောင်ဆန်း လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ အောင်ဆန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဇော်လင်းအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ဓာတ်မြေသြဇာအိတ်များ သိမ်းဆည်းရမိ

**မိုးမောက် စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ စက်တင်ဘာ ၂၀ရက် နံနက် ၁၁ နာရီခွဲက ယာဉ်တစ်စီးပေါ်မှ တရားမဝင်တင်ဆောင်လာသည့် ဓာတ်မြေသြဇာအိတ်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးမောက်မြို့နယ် မိုးမောက်-လွယ်ဂျယ် ကားလမ်းမပေါ်ရှိ စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ စိန်လုံရဲကင်းစခန်းမှ ရဲအုပ်ကျော်စိုးနိုင် ဦးစီးတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ပူးပေါင်းအဖွဲ့သည် လွယ်ဂျယ်ဘက်မှ ဗန်းမော်မြို့ ပင်စင်ကုန်းရပ်နေ အောင်မင်းဦး(၂၈)နှစ် မောင်းနှင်ပြီး မျိုးမြင့်အောင်(၂၃)နှစ် လိုက်ပါလာသည့် ယာဉ်အမှတ် 2L/---- ဒေါင်ဖန်းအမျိုးအစား ခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သာဂူစေ့အိတ်များဖြင့် ဖုံးဖိ၍ သို့ဝှက်သယ်ဆောင်လာသည့် Seaweed Polysaccharide Fertilizer ၁၈-၅-၂၅(၄၈%)စာတန်းပါ ငွေကျပ် ၁၇၅ သိန်းတန်ဖိုးရှိ တရားမဝင်ဓာတ်မြေသြဇာအိတ် ၃၅၀ (အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရ)အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်သယ်ဆောင်လာသည့် ဓာတ်မြေသြဇာအိတ်များအား ပေါက်ကွဲစေတတ်သည့် အမိုနီယမ်နိုက်ထရိတ်များ ဟုတ်/မဟုတ် သိရှိနိုင်ရန် မိုးမောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြိတ်မြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မြိတ် စက်တင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အလယ်ကျွန်းနယ်မြေ ဝန်ထမ်းရပ်ကွက် မြက်ခြုံလမ်းရှိ နေအိမ်တစ်အိမ်၌ စက်တင်ဘာ ၂၀ ရက်က မူးယစ်ဆေးဝါးများသုံးစွဲရောင်းချနေကြောင်းသတင်းအရ သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၆ ပြားနှင့်အတူ နှစ်ဦးဖမ်းဆီးရမိခဲ့ကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

မြိတ်မြို့မရဲစခန်းနယ်ထိန်းအဖွဲ့မှ ဒုရဲအုပ် ထွန်းထွန်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၀ ရက်က မြိတ်မြို့ အလယ်ကျွန်းနယ်မြေ ဝန်ထမ်းရပ်ကွက် မြက်ခြုံလမ်းနေ မဖြူသွယ်လတ်၏နေအိမ်အတွင်း ဝင်ရောက်ရှာဖွေရာ မဖြူသွယ်လတ်(ခ) ဟာဘီဆွာ(၃၉)နှစ်နှင့် စောမိုးစက်(ခ) မိုဆေး(၃၃)နှစ်တို့ကို နေအိမ်တွင် အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၉၆ ပြား၊ ကာလတန်ဖိုးငွေကျပ် ၂၄၈၀၀၀၀ နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့နှစ်ဦးကို မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၂.၉.၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆ း ၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇ း၀၀ | - | Breakfast News |
| ၇ း၃၅ | - | Weekly Sport Info |
| ၈ း ၃၅ | - | “ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ”(၇၅) |
| ၉ း ၄၀ | - | မြစ်မခမီဒီယာ (ပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း) |
| ၁၀း၃၀ | - | လုံမမှတ်စု (၅၄) |
| ၁၁း၀၀ | - | NHK Programme “ပိုင်သာဂိုရခလုတ်”(အလွှာများဖြင့် ပြုလုပ်ထားသော အရာများ) |
| ၁၁း၂၅ | - | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး “လက်တွေ့အသုံးချဆေးနည်းတိုများ”(အပိုင်း-၁၅) |
| ၁၂း၃၅ | - | မြန်မာဇာတ်လမ်းတွဲ “နေရယ် လရယ် အမှန်တရားရယ်”(အပိုင်း-၉) (ဒါဒို့ပိုင်တဲ့မြေ) |
| ၁၄း၀၀ | - | “ပဥ္စလက်ခြင်းလုံး” |

**ညပိုင်း**

| | | |
|---|---|---|
| ၁၅း၄၅ | - | MPT Myanmar National League 2018 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (GFA FC အသင်း Vs Zwekapin United FC အသင်း) |
| ၁၈း၃၅ | - | Tasty Trip |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြွေးမပြေ”(အပိုင်း-၂၄) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်** |
| | - | “ မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ (MPD)” |

## ကလေးဝမြို့၌ မူးယစ်ဆေးရောင်းသူကိုဖမ်းဆီးစဉ် ခုခံသဖြင့် ခြောက်လုံးပစ်ရာမှသေဆုံး

**ကလေးဝ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဟဲဒေါင်းကျေးရွာတွင် စက်တင်ဘာ ၂၁ ရက် နံနက် ၅ နာရီခွဲက မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေသူကို ဝင်ရောက်ရှာဖွေဖမ်းဆီးစဉ် ဓားဖြင့် ပြန်လည်ခုခံသဖြင့် သေနတ်ဖြင့်ခြောက်လုန့်ပစ်ခတ်စဉ် ဒဏ်ရာရရှိကာ သေဆုံးသွားကြောင်း မစိန်နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက်က မစိန်နယ်မြေရဲစခန်းမှ ဒုရဲအုပ်ဝဏ္ဏရာဇာဝင်းနှင့် တပ်ဖွဲ့ဝင်များသည် ဟဲဒေါင်းကျေးရွာနေ သိန်းကျော် (၅၂)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ သိန်းကျော်နှင့်အတူ ဇနီးဖြစ်သူ မအေးပိုတို့ကို အတူတွေ့ရှိရပြီး သိန်းကျော်က နေအိမ်တံခါးကို ပိတ်၍ ဓားနှစ်လက်ကိုင်ဆောင်ကာ ဘိန်းမည်းများအား အရည်ဖျော်၍ နေအိမ်အောက်သို့ သွန်ချကာ ရဲတပ်ဖွဲ့ဝင်များကို စိန်ခေါ်ခဲ့ကြောင်း။

ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များက ဖျောင်းဖျပြောဆိုခဲ့သော်လည်း အမျိုးမျိုးဆဲဆိုကာ စိန်ခေါ်နေခြင်းကြောင့် ရဲတပ်ကြပ်အောင်ဆန်းလင်းက သေနတ်တစ်ချက်ပစ်ခတ်ခြောက်လှန့်၍ တံခါးဖွင့်ပေးရန် ပြောဆိုရာ ၎င်းက ဓားဖြင့် လှမ်းပစ်သဖြင့် ရဲတပ်ကြပ်ဇင်မင်းဦးက သေနတ်ဖြင့် ခြောက်လှန့် ပစ်ခတ်ရာမှ သိန်းကျော်အား ကျည်ထိမှန်ပြီး ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရသည်။

၎င်း၏ နေအိမ်မီးဖိုချောင်အတွင်းမှ ဘိန်းမည်းဟု ယူဆရသော အညိုရောင်အစေး ၂၁၂၂ ဒသမ ၈၁ ဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၃၈ သိန်းကျော်ခန့်အား ရှာဖွေတွေ့ရှိသဖြင့် မစိန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဟန်စိုး(ပြန်/ဆက်)**

## ကွန်ဟိန်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀ ကျော် သိမ်းဆည်းရမိ

**ကွန်ဟိန်း စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ကာလိရဲစခန်းပိုင်နယ်မြေတွင် သတင်းအရ ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၉၈ပြားနှင့်အတူ ငွေစက္ကူရောရာကျပ် ၁၀သိန်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း ကာလိနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီက ကွန်ဟိန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းအဖွဲ့တို့သည် ကာလိမြို့ရပ်ကွက်(၁) နားခေါင်းလမ်းနေ ဒေါ်ဖုန်းပုံ (၄၅)နှစ်၏ နေအိမ်အတွင်း ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၈၉၈ ပြားနှင့် ငွေစက္ကူရောရာကျပ် ၁၀သိန်း၊ ဆိုင်ကယ်တစ်စီးနှင့် မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိသဖြင့် ကာလိနယ်မြေရဲစခန်းက အမှုဖွင့်ထားသည်။

အလားတူ အဆိုပါ ပူးပေါင်းအဖွဲ့တို့သည် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက ဒေါ်ဖုန်းပုံအိမ်အနီးရှိ စိုင်းပန္တ (၃၀)နှစ်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၃၂၀၀၀၊ ဘိန်းဖြူ ၆၅ ဒသမ ၅၇ ဂရမ်၊ နေအိမ်ခြံဝင်းအတွင်း ရပ်ထားသော ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့်အတူ နေအိမ်ခြံဝင်းအတွင်း ရပ်ထားသော ယာဉ်တစ်စီးတို့ကိုတွေ့ရှိ ရမိသဖြင့် ကာလိနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

## ဦးကိုနီ လုပ်ကြံခံရမှုနှင့် စပ်လျဉ်း၍ အောင်ဝင်းဇော် တင်ပြထားသော တရားခံပြသက်သေ သုံးဦးကိုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုကြောင့် သေဆုံးသွားသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ယနေ့နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့ပြီး အောင်ဝင်းဇော်မှ တင်ပြထားသော တရားခံပြသက်သေ သုံးဦးကို စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး - ၆ ဦးရဲလွင် က “ဒီနေ့ ကျွန်တော်တို့ အထူးတရားခုံရုံးမှာ စစ်ဆေးလျက်ရှိတဲ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုကနေ အောင်ဝင်းဇော်ဘက်ကပြတဲ့ ခံပြသက်သေ သုံးဦးစစ်ခဲ့ပါတယ်။ အဲဒီသုံးဦးက အောင်ဝင်းဇော်နေထိုင်တဲ့ သာကေတမြို့နယ် ရပ်ကွက်တစ်ခုမှာ အတူနေ ဦးမျိုးအောင်၊ ဦးအုန်းထွဋ်နဲ့ အောင်ဝင်းဇော်ရဲ့ သား ကိုစစ်မြတ်ဦးတို့ကို စစ်ဆေးခဲ့ပါတယ်။ တရားခံဘက်ကျန်တဲ့ ခံပြသက်သေ စစ်ဆေးဖို့ နောက်တစ်ပတ်ရုံးချိန်းဖြစ်တဲ့ စက်တင်ဘာ ၂၇ ရက် ကြာသပတေးနေ့ကို ချိန်းဆို ထားတယ်။ အဲဒီနေ့မှာ အောင်ဝင်းဇော်ဟာ ခံပြသက်သေ ၁၂ ဦး တင်ပြထားရာက ဒီကနေ့ သုံးဦးစစ်ပြီးတဲ့အတွက် ကျန် ကိုးဦးထဲက ခံပြသက်သေ လေးဦးကို ခေါ်လာဖို့ တရားရုံးက ညွှန်ကြားထားပါတယ်”ဟုပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရေပူနှင့်မရမ်းချောင်စစ်ဆေးရေးအဖွဲ့တို့က အထောက်အထားမဲ့ကုန်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁၉ စီး၊ သွင်းကုန် ၅၄၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၂၀၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၃၄၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃ ဒသမ ၃၄၂ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၆၈၈ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၀ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအနီး Nissan Diesel (22W) ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော (၅၀ ကီလို) သကြားအိတ် ၅၀၀ နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉ ဒသမ ၀၀၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိ သည်။

အလားတူ စက်တင်ဘာ ၁၉ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Mitsubishi Fuso Canter (6W) ယာဉ် တစ်စီးနှင့် Toyota Dyna (6W) ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်သစ်လုံး ၂ ဒသမ ၁၀၈၆ တန်၊ ပိတောက်ခွဲသား ၀ ဒသမ ၃၅၆၈ တန်နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၃၉၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဖဂန်နစ္စတန်စစ်ပွဲသတင်းများပေးပို့ရင်း သေဆုံးရသည့် သတင်းသမားများ စံချိန်တင်မြင့်တက်

**ကဘူးလ် စက်တင်ဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်တွင် အသေခံဗုံးခွဲမှုတစ်ခုကို သတင်းပေးပို့ရင်း အာဖဂန်သတင်းသမား ဆမင်ဖာရာမာဇ် အသက်ဆုံးရှုံးခဲ့ရသည်။

၎င်းနှင့် မီတာအနည်းငယ်အကွာတွင် ကားဗုံးပေါက်ကွဲခဲ့ရာ ၎င်းနှင့် ၎င်း၏ ဓာတ်ပုံဆရာ ရာမစ်ဇ်အာမတ်ဒီပါ အသက်ဆုံးရှုံးခဲ့ရသည်။ တိုလိုသတင်းဌာနမှ ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများက ၎င်းတို့သည် လေလှိုင်းများကြားသတင်းတင်ဆက်ရင်း အသက်စွန့်လွှတ်ခဲ့ရသူများဖြစ်သည်ဟု ပြောခဲ့ကြသည်။

စက်တင်ဘာ ၅ ရက်က ဖာရာမာဇ်နှင့် အာမက်ဒီတို့၏ သေဆုံးမှုသည် အာဖဂန်စစ်ပွဲ ၁၄ နှစ်တာကာလအတွင်း သေဆုံးခဲ့ရသည့် သတင်းမီဒီယာသမားများနှင့် သတင်းစာဆရာများ၏ ဘဝကို အများကသိမြင်လာအောင် မီးမောင်းထိုးပေးနေသကဲ့သို့ အာဖဂန်သည် မီဒီယာသမားများအတွက် ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံးနေရာ ဖြစ်လာသည်။

သေဆုံးသူများထဲတွင် သတင်းသမား ၁၃ ဦးပါဝင်ပြီး အာဖဂန်နိုင်ငံတွင် စစ်ပွဲစတင်ကတည်းက တစ်နှစ်အတွင်း သတင်းသမားသေဆုံးမှု အများဆုံးအဖြစ် စံချိန်တင်သွားသည်။ အိမ်ကနေထွက်သွားပြီးနောက် အသက်ရှင်လျက် အိမ်ပြန်လာနိုင်ပါ့မလားဆိုသည်မှာ မသေချာပါကြောင်း ရုပ်သံသတင်းထောက်တစ်ဦးဖြစ်သူ ဟာမစ်ဟိုင်ဒရီက ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ ပျက်စီးယိုယွင်းနေပြီးကြောက်ရွံ့မှုများ၊ လုံခြုံစိတ်ချရမှုမရှိခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း အာဖဂန်နစ္စတန်နိုင်ငံမှ အကြီးဆုံးရုပ်သံဌာနဖြစ်သည့် တိုလိုသတင်းဌာနမှ ညွှန်ကြားရေးမှူး လော့ဖက်တူလာက ပြောသည်။

သတင်းစာဆရာများနှင့် မီဒီယာသမား ၆၀ ခန့်မှာ ၂၀၀၁ ခုနှစ် အမေရိကန်ဦးဆောင်သည့် အာဖဂန် စစ်ပွဲအတွင်း သေဆုံးခဲ့ရကြောင်း နယ်စည်းမခြားသတင်းထောက်များအဖွဲ့က ပြောသည်။ ၂၀၀၁ ခုနှစ်တွင် အမေရိကန်ဦးဆောင်သော မဟာမိတ်အဖွဲ့သည် တာလီဘန်အစိုးရကို ဖြုတ်ချရင်းတိုက်ပွဲများဖြစ်ပေါ်ခဲ့သည်။ ၂၀၁၄ ခုနှစ် နေတိုးတပ်ဖွဲ့များ အာဖဂန်အတွင်းမှ ထွက်ခွာသွားချိန်တွင် သတင်းစာဆရာ ၃၀ ခန့် သေဆုံးခဲ့ရကြောင်း၊ ယင်းအရေအတွက်မှာ သတင်းစာဆရာ သေဆုံးသူ စုစုပေါင်း၏ ထက်ဝက်နီးပါးခန့်ရှိကြောင်း၊ တာလီဘန်များနှင့် အိုင်အက်စ်စစ်သွေးကြွများ ထကြွလာချိန်တွင် အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း နယ်စည်းမခြားသတင်းထောက်များအဖွဲ့က ပြောသည်။

**အေအက်ဖ်ပီ**



# ဖိလစ်ပိုင်နိုင်ငံတွင် မြေပြိုကျမှုဖြစ်ပွားရာ အနည်းဆုံးနှစ်ဦး သေဆုံး

**မနီလာ စက်တင်ဘာ ၂၁**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဆီဘူးပြည်နယ် နာဂါမြို့တွင် စက်တင်ဘာ ၂၀ ရက်က မြေပြိုကျမှုဖြစ်ပွားခဲ့ရာ နေအိမ်အများအပြားပျက်စီးခဲ့ပြီး အသက် ၆၀ အရွယ် အမျိုးသမီးတစ်ဦးအပါအဝင် အနည်းဆုံးနှစ်ဦး သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

မြေပြိုမှုသည် ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်က ဆီဘူးပြည်နယ် နာဂါမြို့ နာလတ်နှင့် တီနန်ကျေးရွာများတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များနှင့် မျက်မြင်သက်သေများက ပြောခဲ့သည်။

မြေပြိုမှုကြောင့် အနည်းဆုံး နေအိမ် ၂၀ ခန့် မြေအောက်နစ်မြုပ်သွားခဲ့ကြောင်း၊ အိမ်ပျက်စီးမှုအရေအတွက်မှာ ၃၅ လုံးအထိရှိခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။



ဆီဘူးပြည်နယ်တွင် ထိခိုက်သေဆုံးသူအချို့အား ရဲတပ်ဖွဲ့က ရှာဖွေကယ်ဆယ်နေသည့် ပုံများကို ဒေသခံမီဒီယာများက ဖော်ပြထားသည်။

အဆိုပါကျေးရွာများတွင် တစ်ညလုံး မိုးရွာသွန်းခဲ့ခြင်းကြောင့် မြေများပျော့သွားပြီး ယခုကဲ့သို့ မြေပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဗီယက်နမ်သမ္မတ ကွယ်လွန်

**ဟနွိုင်း စက်တင်ဘာ ၂၁**

ဗီယက်နမ်နိုင်ငံ သမ္မတ ကျန်ဒိုင်ကွမ်သည် ရောဂါဝေဒနာကို အချိန်ကြာမြင့်စွာ ခံစားခဲ့ရပြီးနောက် ဟနွိုင်းမြို့ရှိ ဆေးရုံတစ်ရုံတွင် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကွယ်လွန်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

၎င်းကွယ်လွန်ချိန်တွင် အသက် ၆၂ နှစ်ရှိပြီဖြစ်ကြောင်း ဗီယက်နမ်သတင်းဌာနတွင် ဖော်ပြထားသည်။

ကျန်ဒိုင်ကွမ်ကို ၁၉၅၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ဗီယက်နမ်နိုင်ငံ နင်ဘင်ပြည်နယ်တွင် မွေးဖွားခဲ့ကြောင်း သိရသည်။

၎င်းသည် ဥပဒေဆိုင်ရာဒေါက်တာဘွဲ့၊ တရုတ်ဘာသာစကားဆိုင်ရာ မဟာဘွဲ့များ ရရှိခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ပါမောက္ခအဖြစ် အပ်နှင်းခံရကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဧပြီလတွင် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်က ၎င်းအား ဗီယက်နမ်နိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# မလေးရှားဝန်ကြီးချုပ်ဟောင်းအား စွဲချက်သစ် ၂၀ ကျော်ဖြင့် စွဲချက်တင်

**ကွာလာလမ်ပူ စက်တင်ဘာ ၂၁**

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်သည် နိုင်ငံတော်ရန်ပုံငွေနှင့် ပတ်သက်ပြီး စွဲချက်သစ် ၂၀ ကျော်နှင့် ရင်ဆိုင်ရနိုင်ကြောင်း ရဲတပ်ဖွဲ့က မကြာသေးမီတွင် ပြောကြားခဲ့သည်။

မလေးရှား ဝန်ကြီးချုပ်ဟောင်း နာဂျစ်အား အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မရှင် (MACC) က လွှန်ခဲ့သောရက်က နိုင်ငံတော်ရန်ပုံငွေနှင့်ပတ်သက်ပြီး ထပ်မံဖမ်းဆီးခဲ့ပြီး စက်တင်ဘာ ၂၀ ရက်က ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း နာဂျစ်သည် တာဝန်ထမ်းဆောင်နေစဉ် ၎င်း၏ ကိုယ်ပိုင်ဘဏ်အကောင့်ထဲသို့ ရောက်ရှိနေသည့် အမေရိကန်ဒေါ်လာ ၆၈၁ သန်းနှင့် ဆက်စပ်နေသည့်စွဲချက်များ အပါအဝင် တရားမဝင် ငွေကြေးများအား လက်ခံခြင်း၊ အသုံးပြုခြင်း၊ အခြားအဖွဲ့အစည်းများသို့ ရွှေ့ပြောင်းခြင်းအပါအဝင် စွဲချက် ၂၁ ချက်ဖြင့် ၎င်းအား တရားစွဲဆိုရန် အဆင်သင့်ဖြစ်နေကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ပြောခဲ့သည်။ နာဂျစ်သည် မေလတွင် ရွေးကောက်ပွဲ ရှုံးနိမ့်ပြီးချိန်မှစကာ အာဏာအလွဲသုံးမှု၊ ငွေကြေးခဝါချမှုစသည့် ရာဇဝတ်မှုစွဲချက်များနှင့် ရင်ဆိုင်နေရပြီး ယင်းစွဲချက်များ အားလုံးသည် နိုင်ငံတော်ရန်ပုံငွေ၏ ရန်ပုံငွေအခွဲတစ်ခုဖြစ်သော SRC International မှ ၎င်း၏ ကိုယ်ပိုင်ဘဏ်အကောင့်ထဲသို့ မလေးရှားရင်းဂစ် ၄၂ သန်း (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ သန်း) လွှဲပြောင်းပေးမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း နာဂျစ်က အဆိုပါ စွပ်စွဲချက်များနှင့်ပတ်သက်ပြီး အပြစ်မရှိကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**




# ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကမ္ဘာ့ခေါင်းဆောင်များနှင့် သမ္မတထရန့် တွေ့ဆုံမည်

**နယူးယောက် စက်တင်ဘာ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် လာမည့်သီတင်းပတ်အတွင်း အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ပြုလုပ်မည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကမ္ဘာ့ခေါင်းဆောင်များနှင့် တွေ့ဆုံသွားမည်ဟု ကြာသပတေးနေ့တွင် အိမ်ဖြူတော်က သတင်းထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် သမ္မတထရန့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးတွင် အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ ဖျက်သိမ်းရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့ပြင် ထရန့်သည် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၊ တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းတို့နှင့်အတူ ကုလသမဂ္ဂအစီအစဉ်များအတွင်း ဆွေးနွေးသွားမည်ဖြစ်သည်။

မြောက်ကိုရီးယားနှင့် အမေရိကန်တို့ ရှေ့မတိုးသာနောက်မဆုတ်သာ ဖြစ်နေသည့် ဆွေးနွေးပွဲနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်သွားမည်ကို ဆွေးနွေးသွားဖွယ်ရှိသည်။

ထို့ပြင် ထရန့်သည် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ ဗြိတိန် ဝန်ကြီးချုပ် ထရီဆာမေနှင့် အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုတို့နှင့်လည်း ဆွေးနွေးသွားရန် အစီအစဉ်ရှိသည်။ ထိုသို့တွေ့ဆုံစဉ်အတွင်း ဆီရီးယားအရေးနှင့် အီရန်တို့အကြောင်း ဆွေးနွေးသွားမည်ဟု ခန့်မှန်းထားသည်။ အမေရိကန် ပြည်ထောင်စုသည် အီရန်နိုင်ငံအပေါ် လွှန်ခဲ့သည့်လမှစတင်ကာ ပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။ အမေရိကန်သမ္မတထရန့်သည် နိုဝင်ဘာလအတွင်း ကျင်းပမည့် ကြားဖြတ် ရွေးကောက်ပွဲမတိုင်မီ ၎င်း၏သံတမန်စွမ်းရည်ကို ပြသရန်မျှော်လင့်ချက်ရှိသည်ဟုလည်း လေ့လာသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ထရီပိုလီမြို့ရှိ လူနေအိမ်များကို တိုက်ခိုက်ခြင်းမပြုရန် ကုလသမဂ္ဂသတိပေး

**ထရီပိုလီ စက်တင်ဘာ ၂၁**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ရှိ လူများနေထိုင်ရာအရပ်တွင် တိုက်ပွဲများဆင်နွှဲခြင်းမပြုရန် လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ထောက်ပံ့ရေးအဖွဲ့က ကြာသပတေးနေ့တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

လစ်ဗျားတွင် လက်နက်ကိုင်အုပ်စုအချင်းချင်း တိုက်ပွဲများ ဖြစ်ပေါ်နေ၍ ယခုလိုသတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကူညီထောက်ပံ့ရေးအဖွဲ့သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားသော လက်နက်ကိုင်အဖွဲ့များကို သတိပေးချက်ထုတ်ပြန်ထားပြီး အရပ်သားများကို ထိခိုက်နာကျင်စေခြင်းမှာ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေအရ တားမြစ်ထားကြောင်း သတိပေးခဲ့သည်။

ထရီပိုလီမြို့တောင်ပိုင်းတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုထားသော အစိုးရနှင့် 7th Brigade လက်နက်ကိုင်စစ်သွေးကြွ အဖွဲ့တို့ကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည်။ မကြာသေးမီက အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီခဲ့သော်လည်း အရပ်သားများအပါအဝင် လူပေါင်း ၇၈ ဦး သေဆုံးခဲ့ကာ ၂၁၀ ဒဏ်ရာရရှိခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုမှာ ပျက်ပြားသွားသည်။ **ဆင်ဟွာ**

### နျူကလီးယား လက်နက်ကင်းစင်ရေး အမေရိကန်မှ စုံစမ်းစစ်ဆေးသူများ အိုင်အေအီးအေနှင့်အတူ လုပ်ဆောင်မည်

**ဝါရှင်တန် စက်တင်ဘာ ၂၁**

မြောက်ကိုရီးယားတွင် နျူလီးယား ဒုံးကျည်အစီအစဉ်နှင့် ဆက်နွှယ်သည့် စက်ရုံများကို ပိတ်သိမ်းရာတွင် အမေရိကန်မှ စုံစမ်းစစ်ဆေးသူများသည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီနှင့်တွဲ၍ လုပ်ဆောင်မည်ဟု အမေရိကန် အရာရှိများက ပြောသည်။

ယခုသီတင်းပတ် ကိုရီးယားနှစ်နိုင်ငံဆွေးနွေးပွဲအတွင်း ဒုံးကျည်စမ်းသပ်ရာနေရာများကို အပြည်ပြည်ဆိုင်ရာမှ စုံစမ်းစစ်ဆေးသူများ၏ ရှေ့တွင် ပိတ်သိမ်းမည်ဟု မြောက်ကိုရီးယားဘက်မှ သဘောတူထားသည်။ အမေရိကန်ဘက်မှလည်း အပြန်အလှန် အပြုအမူများ ဆောင်ရွက်ပေးပါက ညောင်ဗြွန်း နျူကလီးယားစက်ရုံကို ပိတ်သိမ်းရန် အသင့်ရှိသည်ဟု ပြောခဲ့သည်။ တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့သည် အမေရိကန်မှ စုံစမ်းစစ်ဆေးသူများနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းရည် အေဂျင်စီမှ လူများနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် နားလည်မှုများ ဖလှယ်ထားသည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟီသာနော့က ကြာသပတေးနေ့တွင် ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ရွှံ့နွံများအောက် ပျောက်ဆုံးခဲ့ရသည့် ဘဝများ

**ဖြိုးစန္ဒီမွေး**



> “သူတို့တူးထားခဲ့တဲ့တွင်းတွေဟာ မိုးတွင်းဆိုရင် မိုးရေတွေဝင်ပြီး တိုင်ဖုန်းမုန်တိုင်းဖြစ်ပွားတဲ့ ရာသီမှာဆိုရင် မြေပြိုမှုတွေအကြီးအကျယ်ဖြစ်ပွားလေ့ရှိတယ်လို့ ဒေသခံအာဏာပိုင်တွေက ပြောပါတယ်”

ယခုနှစ်အတွက် မုန်တိုင်းဘုရင်လို့ တင်စားရတဲ့ အပူပိုင်းမုန်တိုင်းမန်ခတ်ဟာ ဖိလစ်ပိုင်ကို ဝင်မွှေသွားခဲ့ပြီးပါပြီ။ ပြင်းထန်လှတဲ့မုန်တိုင်းတစ်ခု ပြီးသွားတိုင်း ပျက်စီးဆုံးရှုံးမှုတွေကတော့ နောက်မှာ တသီတတန်းကြီး ကျန်ရစ်ခဲ့ပါတယ်။

### မိုင်းတွင်းလုပ်သားများသေဆုံး

မုန်တိုင်းမတိုက်ခင် တစ်လအလိုကဆိုရင် မိုင်းတွင်းလုပ်သားတစ်ဦးဖြစ်တဲ့ ဂျက်စ်ဖီလစ်ဆီယာနိုဟာ ရွှေတူးဖော်မိပါတယ်။ ဒင်္ဂါးပြားအရွယ်ရှိတဲ့ ရွှေရသွားပါတယ်။ သူ့ရဲ့ မိုင်းတွင်းလုပ်သားသက်တမ်း ၁၆ နှစ်မှာ အိပ်မက်တောင် မမက်ဖူးတဲ့ ငွေကြေးကို သူရရှိသွားပါတယ်။ တနင်္လာနေ့ ညနေမှာတော့ ဖီလစ်ဆီယာနို ကော်ဒယ်လီရာတောင်မှာ ဘာတွေဖြစ်နေသလဲဆိုတာကို သတိပေးစာ ရခဲ့ပါတယ်။

တိုင်ဖုန်းမုန်တိုင်းကြောင့် ကော်ဒယ်လီရာတောင်မှာ စခန်းချနေတဲ့ မိုင်းတွင်းသမားတွေ သေဆုံးခဲ့ရပါတယ်။ အဲဒီအထဲမှာ သူ့ဦးလေးလည်း ပါသွားပါတယ်။ ကော်ဒယ်လီရာတောင်ဟာ မုန်တိုင်းဝင်ရောက်ရာ လူဇုန်ကျွန်းမြောက်ပိုင်းမှာ တည်ရှိပါတယ်။ လူဇုန်ကျွန်းဟာ စိုက်ပျိုးရေး၊ ရွှေတူးဖော်ရေးနဲ့ ရေအားလျှပ်စစ်တွေလုပ်ကိုင်ရာမှာ နာမည်ကျော်ကြားပါတယ်။ ပြီးခဲ့တဲ့ စနေနေ့ကပဲ ဖိလစ်ပိုင်နိုင်ငံမှာ မုန်တိုင်းမန်ခတ် ဝင်ရောက်ခဲ့ပါတယ်။

### ရွှံ့နွံများအောက်ရောက်ကုန်

တောင်ပေါ်အိမ်တွေနဲ့ မိုင်းတူးသမားတွေ စခန်းချရာနေရာဟာ ရွှံ့နွံတွေအောက် ရောက်ကုန်ပါတယ်။ အိမ်နီးချင်းတစ်ဦး မြေပြိုမှုမှာ ရွှံ့တွေအောက်ရောက်သွားတာကို ကိုယ်တိုင်ဝင်ကယ်ရင်း သူပါ ရွှံ့တွေအောက်ရောက်ကာ အသက်ဆုံးရှုံးခဲ့ရတဲ့ ဖြစ်ရပ်လည်းရှိပါတယ်။ ရွှေတူးဖော်ရေးနဲ့ နာမည်ကြီးတဲ့ အိုက်တဂွန်မြို့မှာ မြေပြိုမှုတွေအများဆုံး ဖြစ်ပွားခဲ့ပါတယ်။ မုန်တိုင်းမန်ခတ်ကြောင့် ဖိလစ်ပိုင်မှာ လူ ၁၀၀ ခန့် သေဆုံးခဲ့ရတယ်လို့လည်း သတင်းတွေ ထွက်ပေါ်လာပါတယ်။

တနင်္လာနေ့မှာတော့ အိုက်တဂွန်မြို့မှာ မိုင်းတူးသမားတွေနဲ့ ကယ်ဆယ်ရေးသမားတွေပေါင်းပြီး ရွှံ့နွံတွေအောက်ရောက်နေကြတဲ့လူတွေ၊ အလောင်းတွေကို ရှာဖွေကယ်ဆယ်ရေးတွေ လုပ်နေကြပါတယ်။ အနှံ့ခံခွေးတွေနဲ့ အနံ့ခံခိုင်းပြီးမှ လူသေအလောင်းတွေကို ဖြည်းဖြည်းချင်း ဆွဲထုတ်ရတယ်။ ရဲတွေကတော့ ရွှံ့နွံတွေအောက်ရောက်သွားတဲ့ မိုင်းလုပ်သားတွေမှာ အသက်ရှင်ကျန်ရစ်သူရှိမယ်လို့ မထင်ဘူးလို့ ပြောခဲ့ပါတယ်။

မုန်တိုင်းမန်ခတ်ကြောင့် သေဆုံးရတဲ့လူစာရင်းများတယ်ဆိုပေမယ့် ၂၀၁၃ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ မုန်တိုင်းဟိုင်ယန်ကြောင့် သေဆုံးရတဲ့ လူအရေအတွက်လောက်တော့ မများပါဘူး။ အဲဒီတုန်းကဆိုရင် လူပေါင်း ၆၃၀၀ ထက်မနည်း သေဆုံးခဲ့ရတာပါ။

### သတိပေးမှုကို လက်မခံ

မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကတော့ တစ်နာရီကို မိုင် ၁၇၀ တိုက်ခတ်ပါတယ်။ ဒါကြောင့် တောင်ပေါ်ကမြေတွေ ပြိုကျပြီး မုန်တိုင်းဒဏ်ကာကွယ်ရေးစခန်းမှာ ခိုလှုံနေကြတဲ့ မိုင်းသမားတွေနဲ့ သူတို့ရဲ့ မိသားစုတွေနေထိုင်ရာ အဆောက်အအုံပေါ် ရွှံ့နွံလှိုင်းတွေပိကျကုန်ပါတယ်။ ရွှံ့နွံတွေအောက်ရောက်နေတဲ့ လူသေအလောင်းတွေကို ဖော်ယူဖို့ဆိုရင် အချိန်တစ်ပတ်ခန့်ကြာမြင့်နိုင်တယ်လို့လည်း အာဏာပိုင်တွေက ပြောပါတယ်။

မိုင်းသမား ခေါင်းဆောင်ဖြစ်တဲ့ မစ္စတာ ဘန်နာဝိုးလ်ဟာ မုန်တိုင်းတိုက်ခတ်စဉ်အတွင်း မိုင်းလုပ်ငန်းခွင်ကနေ တခြားနေရာကို ရွှေ့ပြောင်းဖို့ အာဏာပိုင်တွေက သတိပေးတာကို လက်မခံခဲ့ဘူးလို့လည်း အရာရှိတွေက ပြောပါတယ်။

### မိသားစုဝင်တွေ ဆုံးရှုံးရ

ဘရစ်ဂက်မရင်ဒါဆိုတဲ့ အမျိုးသမီးကတော့ သူဟာဆွေမျိုး ၂၀ ခန့်ကို ဆုံးရှုံးလိုက်ရတယ်လို့ ပြောပါတယ်။ သူဟာလည်း မိုင်းတွင်းမှာ ရွှေသန့်စင်ရတဲ့ လုပ်သားတစ်ဦးဖြစ်ပြီး အခုက မိုးရာသီမို့လို့ သူအလုပ်နားထားတာပါ။ ဒါကြောင့်လည်း အသက်ဘေးက လွတ်မြောက်သွားခဲ့တာပါ။ မုန်တိုင်းဖြစ်ပွားမယ်လို့ သတိပေးထားတာတောင် အဲဒီတောင်မှာပဲ ဘာလို့ မိုင်းလုပ်သားတွေ ခိုလှုံနေရတာလဲလို့မေးတဲ့အခါ သူတို့ပိုက်ဆံလိုလို့ပါ။ ဒီကလွဲပြီး တခြားနေရာလည်း သွားစရာမရှိဘူးလေလို့ မရန်ဒါကဖြေပါတယ်။

### စုံစမ်းမှုတွေပြုလုပ်မယ်

ကုမ္ပဏီက မဟုတ်ဘဲ သီးခြားတူးဖော်ကြတဲ့ မိုင်းသမားတွေဟာ ကော်ဒယ်လီရာတောင်မှာ ရွှေတူးဖော်မှုတွေ ဆက်လက်လုပ်ကိုင်ကြပါတယ်။ သူတို့တူးထားခဲ့တဲ့တွင်းတွေဟာ မိုးတွင်းဆိုရင် မိုးရေတွေဝင်ပြီး တိုင်ဖုန်းမုန်တိုင်းဖြစ်ပွားတဲ့ ရာသီမှာဆိုရင် မြေပြိုမှုတွေအကြီးအကျယ်ဖြစ်ပွားလေ့ရှိတယ်လို့ ဒေသခံအာဏာပိုင်တွေက ပြောပါတယ်။

ဖိလစ်ပိုင်သမ္မတကတော့ စုံစမ်းစစ်ဆေးရေးပြုလုပ်ဖို့ ပြောကြားထားပြီး သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ အရင်းအမြစ်ဝန်ကြီးကို တနင်္လာနေ့ကပဲ အသေးစားရွှေတူးဖော်မှုတွေကို ရပ်တန့်ခိုင်းဖို့ ညွှန်ကြားခဲ့ပါတယ်။ ဖိလစ်ပိုင်တပ်ဖွဲ့ကလည်း ကော်ဒယ်လီရာတောင်မှာ နောက်ထပ်ရွှေတူးဖော်မှုတွေ ထပ်မဖြစ်အောင် စောင့်ကြပ်မှုတွေ ပြုလုပ်သွားမှာပဲဖြစ်တယ်။

### အသက်ရှင်ကျန်ရစ်ဖို့ မဖြစ်နိုင်

နောက်ထပ် မိုင်းလုပ်သားတစ်ဦးဖြစ်တဲ့ အီမန်နျူရယ်ကာလာဟီကတော့ ဘန်ဂုတ်လုပ်ငန်းစုက မိုင်းတွင်းမှာ လုပ်ကိုင်တဲ့ အလုပ်သမားတစ်ဦးပါ။ အခု မြေပြိုမှုမှာ သူ့အစ်ကိုဝမ်းကွဲ အပါအဝင် သူငယ်ချင်းငါးဦး သေဆုံးသွားခဲ့ပါတယ်။ သူဟာ မိုင်းတူးသမားအဖြစ် လုပ်ကိုင်လိုခြင်းမရှိပါဘူး။ ဒါပေမယ့် သူ့အစ်ကိုရော၊ အဖေရောဟာ ဒီအလုပ်ပဲ လုပ်ခဲ့ကြပါတယ်။ ကော်ဒယ်လီရာတောင်မှာ မှီခိုနေထိုင်နေကြတဲ့ အိမ်တွေအားလုံးဟာ မြေပြိုမှုကြောင့် ပျက်စီးသွားခဲ့ပါပြီ။ မုန်တိုင်းပြီးဆုံးသွားချိန်မှာတော့ မြေပြိုမှုကြောင့် သေဆုံးသူ ၁၀၀ ခန့်ရှိမယ်လို့ စာရင်းထွက်ပေါ်လာပါတယ်။

တနင်္လာနေ့မှာပဲ အလောင်း ၃၆ လောင်း တွေ့ရှိခဲ့ပါတယ်။ မုန်တိုင်းခိုလှုံရာနေရာက အပျက်အစီးတွေအောက်မှာ နောက်ထပ် ၁၂ လောင်း တွေ့ရှိခဲ့ပါတယ်။ ပျောက်ဆုံးနေတဲ့ လူ ၅၀ ခန့်ကိုတော့ ဆက်လက်ရှာဖွေဆဲပါ။ ဒီလူတွေအသက်ရှင်ကျန်ရစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပေမယ့် ကျန်ရစ်ခဲ့တဲ့ ဆွေမျိုးတွေကတော့ အသက်ရှင်လျက် တွေ့ဦးမှာလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းခွင်မှာ စောင့်ဆိုင်းနေကြပါတယ်။

### တောင်သူတွေ သီးနှံဆုံးရှုံး

ရပ်စောက်မြို့၊ အလက(ထီးခမ်း)၊ သတ္တမတန်းမှ မောင်အောင်ထွန်းလေး၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးတင့် ၁၃/ရစန(နိုင်)၀၆၄၈၄၄ ဖြစ်ပါကြောင်း။ **ဦးကျော်စိုးတင့်**

### ဖခင်အမည်မှန်

ရပ်စောက်မြို့၊ အလက(ထီးခမ်း)၊ သတ္တမတန်းမှ မောင်ဟန်ကျော်ကျော်၏ ဖခင်အမည်မှန်မှာ ဦးသိန်းမောင် ၁၃/ရစန(နိုင်)၀၆၁၅၄၃ ဖြစ်ပါကြောင်း။ **ဦးသိန်းမောင်**

### မိဘ အမည်မှန်

နမ့်ခမ်းမြို့၊ အလက (ကောင်းဆာ) ဆဋ္ဌမတန်းမှ မသီတာအောင်၏ မိဘအမည်မှန်မှာ ဦးကျော်အေး ၁၃/နခန(နိုင်)၀၉၁၃၂၂ နှင့် ဒေါ်အေခမ်းဖောင် ၁၃/နခန(နိုင်)၀၉၁၆၀၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရှာင်မြို့နယ်၊ ဆတ်ခြံကျေးရွာနေ အထက(မြိုင်) နဝမတန်း(A)မှ မဇင်မာဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးတင်ထွန်း ၁၃/ရငန(နိုင်)၀၄၈၅၇၉ ဖြစ်ပါကြောင်း။ **ဦးတင်ထွန်း**

### ဖခင်အမည်မှန်

ရှာင်မြို့နယ်၊ ထမင်းပေါင်းကျေးရွာနေ အထက(မြိုင်) တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးသက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးဝင်းထွန်း ၁၃/ရငန(နိုင်)၀၀၀၆၃၇ ဖြစ်ပါကြောင်း။

**ဦးဝင်းထွန်း**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကန့ ၂/ဒမဆ(နိုင်) ၀၆၀၄၆၇၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### ပျောက်ဆုံးကြောင်း

ကျွန်တော် စောအယ်သောဝေ ၂/လကန(နိုင်)၀၅၂၂၉၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### အမည်မှန်

ပင်းတယမြို့၊ ရွှေပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မအိရွှေဇင်ဖြိုး၏ အမည်မှန်မှာ မအိရွှေစင်ဖြိုး ၁၃/တကန(နိုင်)၃၄၈၁၀၄ ဖြစ်ပါကြောင်း။

**မအိရွှေစင်ဖြိုး**

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ကူမဲမြို့နေ ဦးဇော်လွင်ဦး ၉/မထလ(နိုင်)၁၇၀၅၈၆ ဆည်မြောင်းဦးစီးဌာန၏ သမီး မထက်ထက်ဖြိုးဦး၏ အမည်မှန်မှာ မထွန်းသီရိလွင် ၉/မထလ(နိုင်)၃၀၃၁၅၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အမှတ်(၉) ရွာသစ်(န)အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်စိုင်းချစ်သူ၊ ဆဋ္ဌမတန်း (A) မှ မောင်ချစ်လှိုင်းတို့၏ ဖခင်ဦးဝင်းဘို အမည်မှန်မှာ ဦးဝင်းဗိုလ် ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ပျော်ဘွယ်မြို့နယ် အမှတ် (၉)ရွာသစ်(န) အထက တက္ကသိုလ်ဝင်တန်း (B)မှ (ဘ)ဦးမြင့်ဆွေ၏သား မောင်မင်းသူရဆွေ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၂၀၀၃ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ပျော်ဘွယ်မြို့နယ်၊ အမှတ် (၉) ရွာသစ် (န) အထက တက္ကသိုလ်ဝင်တန်း(B)မှ(ဘ)ဦးဝင်းဆောင်၏သမီး မစန္ဒာမိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁-၂၀၀၂ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

လှိုင်ကော်မြို့၊ အထက(၃)၊ နဝမတန်း (D)မှ မဂျိုးစဖင်း၏ မိဘအမည်မှန်မှာ ဦးဆားလိုမိုနှင့် ဒေါ်ဇူဇားနာ ၂/ဖရဆ(နိုင်)၀၂၄၃၃၅ ဖြစ်ပါကြောင်း။ **ဦးဆားလိုမို-ဒေါ်ဇူဇားနာ**

### မွေးသက္ကရာဇ်အမှန်

ဦးသဲဘိုဘိုဟိန်းနှင့် ဒေါ်သင်းသင်းစိုးတို့၏သား လှိုင်ကော်မြို့၊ အထက (၁)၊ ဆဋ္ဌမတန်းမှ မောင်လျှမ်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၂-၂၀၀၆ ဖြစ်ပါကြောင်း။

**မောင်လျှမ်းထက်**

### ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက (နွားလပိုး) ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်လေအိုးနယ်၏ ဖခင်အမည်မှန်မှာ ဦးအလေးရှို ၂/လကန(နိုင်) ၀၃၈၅၈၀ ဖြစ်ပါကြောင်း။

**ဦးအလေးရှို**

### ဖခင် အမည်မှန်

ရမည်းသင်းမြို့၊ အမှတ် (၁၀)၊ ကျီစု အထက၊ သတ္တမတန်းမှ မောင်ဝိုင်းချစ်၊ စတုတ္ထတန်းမှ မမြတ်နိုးဝေတို့၏ဖခင် ဦးညီပုငယ်၏ အမည်မှန်မှာ ဦးဆန်းလင်း ၉/ရမသ(နိုင်)၁၂၅၄၄၉ ဖြစ်ပါကြောင်း။

**ဦးဆန်းလင်း**

### ဖခင်အမည်မှန်

ထီးချိုင့်မြို့နယ်၊ မောင်းကုန်းရွာ အထက တက္ကသိုလ်ဝင်တန်းမှ မောင်လှိုင်မျိုးထက်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်စိုး ၅/ထခန(နိုင်) ၀၈၂၉၄၇ ဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်စိုး**

### ဖခင်အမည်မှန်

ထီးချိုင့်မြို့၊ မောင်းကုန်းရွာ တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်မျိုးထွန်းနှင့် စတုတ္ထတန်းမှ မောင်အောင်အောင်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၅/အရတ(နိုင်)၀၀၀၀၇၈ ဖြစ်ပါကြောင်း။

**ဦးစိုးဝင်း**

### ဖခင်အမည်မှန်

ထီးချိုင့်မြို့၊ မောင်းကုန်းရွာ၊ တက္ကသိုလ်ဝင်တန်းမှ မသဥ္ဇာမိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၅/ထခန (နိုင်)၀၂၄၆၄၅ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း**

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အထက (၉) ရွာသစ်(န) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ရာဇာမင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၉/ပဘန(နိုင်)၁၀၁၈၉၁ ဖြစ်ပါကြောင်း။ **ဦးအောင်ဝင်း**

### အမည်ပြောင်း

ဦးကြည်လင်၏သား ဇေယျာသီရိမြို့နယ် အထကခွဲ ခေတ်အေး သတ္တမတန်း (A)မှ မောင်ကျော်လင်းအောင်အား မောင်ချစ်ဆွေဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ချစ်ဆွေ**

### အမည်မှန်နှင့်ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ နော်ဇင်မာလာနှင်း၏ အမည်မှန်မှာ မဇင်မာလာနှင်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးအီညားရှို ၁၃/ဖခန(နိုင်)၀၃၃၅၁၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ နောင်ယား(က) ရပ်ကွက်၊ ဗိုလ်ရွဲလမ်း န/၃၄၁နေ ဒေါ်ဖလောရင်း ၂/လကန(နိုင်)၀၄၈၂၅၆၏ ဖခင်အမည်မှန်မှာ ဦးစီရီးလို ဖြစ်ပါကြောင်း။ **ဦးစီရီးလို**

### မိခင်အမည်မှန်

ရပ်စောက်မြို့၊ အလက(ထီးခမ်း)၊ ဆဋ္ဌမတန်းမှ မခမ်းဗွာ၏ မိခင်အမည်မှန်မှာ ဒေါ်နန်းသောင်း ၁၃/ရစန (နိုင်)၀၆၆၅၉၅ ဖြစ်ပါကြောင်း။

**ဒေါ်နန်းသောင်း**

### ဖခင်အမည်မှန်

နေပြည်တော် တပ်ကုန်းမြို့ပန်းသတင်းဘော်ဒါ တက္ကသိုလ်ဝင်တန်းမှ မမေဇူလှိုင်၏ဖခင်ဦးကိုကို၏ အမည်မှန်မှာ ဦးတင်ဦး ၉/တကန(နိုင်)၀၂၃၄၅၀ ဖြစ်ပါကြောင်း။

**ဦးတင်ဦး**

### ဖခင်အမည်မှန်

ရပ်စောက်မြို့၊ အလက(ထီးခမ်း)၊ သတ္တမတန်းမှ မောင်သိန်းလွင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းထွန်း ၁၃/ရစန(နိုင်)၀၄၆၂၇၆ ဖြစ်ပါကြောင်း။ **ဦးကျော်မင်းထွန်း**

### ဖခင်အမည်မှန်

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ အထက (မိုးမိတ်)၊ တက္ကသိုလ်ဝင်တန်းမှ စိုင်းညီညီဇော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်တိုး ၁၃/မမတ(နိုင်) ၀၀၀၇၀၃ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်တိုး**

### အမည်မှန်

လှိုင်ကော်မြို့၊ လှိုင်ကော်တက္ကသိုလ်၊ ဒုတိယနှစ် (ပထဝီ)မှ (ဘ) ဦးအိုက်ဘိ၏ သမီးအမည်မှန်မှာ မနန်းဖောင်းခေး ၂/လကန(နိုင်) ၁၀၄၃၄၆ ဖြစ်ပါကြောင်း။

**မနန်းဖောင်းခေး**

## 'ယိအန်း' ဗုဒ္ဓဘာသာဘုရားကျောင်း (၁၀၅)နှစ် ပြည့်လှည့်လည်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်ရှိ 'ယိအန်း' ဗုဒ္ဓဘာသာဘုရားကျောင်း၏ (၁၀၅)နှစ်ပြည့် မြို့တွင်းလှည့်လည် ပူဇော်ခံပွဲကို ၂၄-၉-၂၀၁၈ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဂေါပကအဖွဲ့**

## (၆)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**

### ပါမောက္ခဒေါက်တာစောနောင်

### (၂၂-၉-၂၀၁၂ မှ ၂၂-၉-၂၀၁၈)ထိ

မြတ်နိုးတွယ်တာရပါသော သားကြီး၊ ပါမောက္ခဒေါက်တာစောနောင် ကွယ်လွန်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၆)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ နေ့စဉ်နှင့်အမျှ လွမ်းဆွတ်တမ်းတနေဆဲပါ။ ပြုလုပ်ပြီး၊ ပြုလုပ်ဆဲကုသိုလ်အပေါင်းနှင့် ယနေ့(၈)မိုင်ခွဲ၊ ရွှေနှင်းဆီလမ်း၊ ကန်ဦးဇေတဝန်စာသင်တိုက်၌ ပြုလုပ်ခဲ့သော အလှူဒါန၊ ကုသိုလ်အစုစုတို့ကို ပါမောက္ခ ဒေါက်တာစောနောင်အား အမျှ၊ အမျှ၊ အမျှ ပေးဝေပါသည်။ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပြီးလျှင် မြင့်မြတ်သော ဘုံဘဝ၌ ခံစား၊ စံစားနိုင်ပါစေ။

**မိဘ-ဦးသန်းရွှေ-ဒေါ်ညွန့်ညွန့်**
**ညီ-ဦးမင်းရွှေ-ဒေါ်ဝင်းမြတ်စိုး(ခေတ္တ-စင်ကာပူ)**
**ဇနီး-ပါမောက္ခဒေါက်တာရည်ရည်နိုင်**
**တူမ-မင်းအိန္ဒြေခင် (ခေတ္တ-စင်ကာပူ)**
**ဦးလေး-ဦးမောင်မောင်-ဒေါက်တာဒေါ်ခင်ဝင်းကြည်**
**တူ-မင်းစိုးသန့်(ခေတ္တ-စင်ကာပူ)**
**အဒေါ်-ဒေါ်ထွေးထွေး**

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ရန်ကုန်မြို့၊ အရှေ့ရွှေဂုံတိုင်လမ်းနှင့်ဗိုလ်စိန်မှန်လမ်းထောင့်၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ် အောင်သိဒ္ဓိကုန်းပိုင်ရှင်ဘုရားဒါယကာကြီး (ဦးမင်းအောင်) အိမ်အမှတ်(၃၈)၏ဇနီး အမှတ်(၄၄)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးအောင်ဝင်း(ဦးကျော်ဝင်းထွဋ်)-ဒေါ်ဝင်းမြင့်အောင်တို့၏ မိခင်၊ ကိုကောင်းဆက်၏အဘွား ဒေါ်မြညွန့်(တိုက်ကြီး) ကွယ်လွန်သွားသည်မှာ ၂၂-၉-၂၀၁၈ရက် (စနေနေ့)တွင် (၃)နှစ်ပြည့်မြောက်ပြီ ဖြစ်ပါသဖြင့် လွမ်းဆွတ်သတိရမိပါကြောင်း၊ ပြုပြုသမျှ အလှူဒါန အစုစုတို့ကို အမေ့အတွက် ရည်စူး၍ အမျှ၊ အမျှ၊ အမျှ ပေးဝေပါသည်။

အမေ ရောက်ရှိရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ အမေ-

**ကျန်ရစ်သူ**
**သား၊ သမီး၊ မြေး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**(မ-၀၄၃၆)၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ**
**တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး**
**အသက်(၅၈)နှစ်**

တောင်တွင်းကြီးမြို့နေ (ဦးဘသိန်း-ဒေါ်ဖွားတင်)တို့၏သား၊ ဖြူးမြို့နေ (ဦးသိန်းမောင်-ဒေါ်အမာလေး)တို့၏သားသမက်၊ ဒေါ်သက်သက်ထွေး(ဦးစီးအရာရှိ၊ ထားဝယ်ခရိုင်မီးသတ်ဦးစီးမှူးရုံး)၏ခင်ပွန်း၊ မသင်းသင်းအောင်(CB Insurance)၊ မယုမြတ်ခိုင်(Edotco Company )၊ မောင်အောင်မျိုးထွေး (MRTV-4)တို့၏ဖခင်သည် ၁၉-၉-၂၀၁၈ ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၇)နှင့်**
**မီးသတ်တပ်စုမှူးလောင်းသင်တန်းအမှတ်စဉ်(၃)မှသူငယ်ချင်းများနှင့်မိသားစုများ**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

### (တင်ဒါအမှတ်၁/၂၀၁၈-၂၀၁၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဖလမ်းခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှစက်တင်ဘာလအထိ) ဒုတိယတစ်နှစ် ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတာချဲ့ခြင်းလုပ်ငန်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများနှင့် လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ လုပ်ငန်းတင်ဒါအတွက် အသေးစိတ်စာရင်းနှင့် တည်ဆောက်ရေးသုံးပစ္စည်း များ၏ အသေးစိတ်စာရင်းများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ရုံးဖုန်း-၀၇၀-၄၀၀၅၈**
**၀၇၀-၄၀၄၀၇**

| | |
|---|---|
| **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - ၁-၁၀-၂၀၁၈ရက် |
| **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်အချိန်** | - နံနက် ၉နာရီမှ ညနေ၄နာရီအထိ |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၂၉-၁၀-၂၀၁၈ရက် ညနေ ၄နာရီ |
| **တင်ဒါရွေးချယ်မည့်ရက်/အချိန်** | - ၃-၁၁-၂၀၁၈ရက် လုပ်ငန်းတင်ဒါ၊ နံနက်၉း၃၀နာရီ<br>၅-၁၁-၂၀၁၈ရက် ပစ္စည်းတင်ဒါ၊ နံနက် ၉း၃၀နာရီ |
| **တင်ဒါရွေးချယ်မည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ခလမ်းခရိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/2411 Hyundai (Kmfpa) Truck (10x4)(L)(T/S) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၁၂/ပဘတ(နိုင်)၀၀၀၇၆၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ယဉ်ကြည်

**အသက်(၈၃)နှစ်**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ယဉ်ကြည်(ရန်ကုန်မြို့)သည် ၁၉-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့**
**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင်၊ ဆရာကြီး ဒေါက်တာ ဦးမြင့်ကြည်၏ သားကြီးဖြစ်သူ ဒေါက်တာကြည်ဆန်းထက် (အုတ်တွင်းမြို့နယ်ဆရာဝန်ကြီး) အသက် (၅၀)သည် ၁၉-၉-၂၀၁၈ ရက် (အင်္ဂါနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်၊ မြန်မာစာမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်7N/5471 DAIHATSU Hijet Deliver Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျူးချော်ရင် ၁၃/ကခန(နိုင်)၀၅၄၈၆၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/5172 Suzuki Carry DA 63T Pickup (4x2)(R) ယာဉ်လက်ဝယ်ရှိသူ Hnin Yadanar Aung Co., Ltd က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/5672 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အထူးကျေးဇူးတင်ရှိခြင်း

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### စောဒက်စမန်ဒီဂေါလ်

**အသက်(၁၅)နှစ်**

အိန္ဒိယနိုင်ငံ Bangalore မြို့ရှိ NH Mazumdar Shaw Medical Centre ဆေးရုံ၌ ဆေးကုသနေစဉ် ၁၄-၉-၂၀၁၈ရက် (သောကြာနေ့) အိန္ဒိယစံတော်ချိန် နံနက် ၃း၅၂နာရီ၊ မြန်မာစံတော်ချိန် နံနက် ၄း၅၂နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီး ၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီ သမိုင်း(၂)ရပ်ကွက်၊ ဦးရွှေနုလမ်းရှိ သမိုင်းကရင်နှစ်ခြင်းဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးခဲ့သော အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ခဝဲခြံ(၁)လမ်း၊ အမှတ်(၆၂၀-စီ)နေ စောပြည်စိုးမိုးနှင့် နော်ဂျူးစဖင်း(န်)လှထွေးတို့၏သား စောဒက်စမန်ဒီဂေါလ် ဆေးရုံတက်ရောက်စဉ် ဆေးကုသစောင့်ရှောက်ပေးပါသော ခွဲစိတ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ စောမားလ်ဒိုသိန်းနှင့် KBC ဆေးရုံမှ ဆရာဝန်၊ ဆရာမများ၊ ရွှေလမင်းဆေးရုံမှ ဆရာဝန်၊ ဆရာမများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး(သွေးအထူးကု)ဌာနမှ သွေးအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခဦးစိန်ဝင်းနှင့်ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအားလုံး၊ NH Mazumdar Shaw Medical Centre မှဆရာဝန်ကြီး၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ မေတ္တာဖြင့်ကူညီသော သွေးအလှူရှင်များအားလုံး၊ အိန္ဒိယနိုင်ငံသို့ ဆေးကုသရန် ခရီးစဉ်အစမှအဆုံးတိုင်အောင်နှင့် ဆေးကုသခံယူရန် လိုအပ်သော ပံ့ပိုးကူညီမှုအားလုံးတို့ကို ကူညီပေးခဲ့သော EMERALD LOTUS Co.,Ltd မှ ဒေါက်တာ မာလာစိန်နှင့် ဝန်ထမ်းများ၊ ရောဂါဝေဒနာခံစားရချိန်မှစ၍ခရစ်တော်၌အိပ်ပျော်ချိန်အထိ ဆုတောင်းခြင်းဖြင့်အစဉ်သတိရနေသော အသင်းတော်များ၊ ဆုတောင်းအဖွဲ့များ၊ ဆရာသမား မိတ်ဆွေမျိုးများ၊ ချစ်သူငယ်ချင်းများအားလုံး၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းပေးခဲ့သော Smart Technical Service Co.,Ltd မှ MD နှင့်ဝန်ထမ်းများအားလုံး၊ ENT Co.,Ltd မှ MD နှင့် ဝန်ထမ်းများအားလုံး၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီ ပံ့ပိုးလှူဒါန်းလုပ်ကိုင် ပေးကြသူများအားလုံး၊ လွမ်းသူ့ပန်းခြင်းပေးပို့ခဲ့ကြသူများအားလုံးနှင့် နောက်ဆုံးပြုအပ်သော ဈာပနကိစ္စအဝဝတွင် မေတ္တာပြကြကုန်သော သိက္ခာတော်ရဆရာကြီးများ၊ ရပ်မိရပ်ဖများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ ဧည့်ပရိသတ်များအားလုံးကို ကျန်ရစ်သူမိသားစုများမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဦးရွှေ

**စိုက်ပျိုးရေး(ငြိမ်း)**
**ဥက္ကဋ္ဌ၊ ရွှေသင်းဘိုးဘွားရိပ်သာ၊ ရမည်းသင်းမြို့**

၁၆-၉-၂၀၁၈ ရက် နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်ပြီး ၁၇-၉-၂၀၁၈ ရက် ညနေ ၄ နာရီတွင် ရမည်းသင်းမြို့ မြို့မသုသာန်၌ သင်္ဂြိုဟ်ခဲ့သော ဦးရွှေ၏ နာရေးကိစ္စအရပ်ရပ်တွင် လိုက်ပါပို့ဆောင်သူများနှင့် မိသားစုစိတ်ဓာတ်ဖြင့်လိုလေသေးမရှိ ဝိုင်းဝန်းကူညီခဲ့သော ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ပညာရေးဝန်ထမ်းမိသားစု၊ အဖွဲ့အစည်းအသီးသီးမှ လုပ်ဖော်ကိုင်ဖက်အားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ညို့ဖူးမြတ်သွယ်(ဖူးဖူး)

### Yangon International School

### Grade 11

**အသက်(၁၇)နှစ်**

၁၅-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားခဲ့သော ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ်(၁၀၃)၊ D-1 နေ ဦးကျော်ဝင်း-ဒေါ်တင်မို့မို့လွင်တို့၏ တစ်ဦးတည်းသောသမီး ဖူးဖူး Y.I.S(G-11)အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ နှမြောရပါသည်။ ဖူးဖူး ပိုမိုကောင်းမွန်ရာဘဝသို့ ရောက်ပါစေ။

**Y.I.S(G-11) သူငယ်ချင်းများနှင့်**
**မေမေများ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈C/၆၇၉၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့(အထက)၊ ကင်မွန်းချောင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဝေယံစိုး၏ဖခင် ဦးဝင်းချို(ခ) ဦးသန်းစိုး ၁၀/ကထန(နိုင်)၀၄၉၉၀၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၁၅၅၈၈ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးငွေးတင့် ၈/မမန(နိုင်)၁၆၇၃၃၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၅၇၀၇၁ Toyo Max 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ထွန်း ၉/မနမ(နိုင်)၀၆၀၅၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/9728 KHIT LWIN MPW (Kc-Mpu-01) Micro Bus (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးဝေဇင်ဦး ၇/တငန(နိုင်)၀၉၀၃၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဆရာကြီး ဦးသာ

နှစ်(၃၀)အကြာ သတိရဂါရဝ September 22

သချ်ာလောကမှာ 'တစ်ခေတ်မှာ တစ်ယောက် ထွန်းတောက်ကျော်ကြားခဲ့သော' ဆရာကြီးဦးသာနှင့်ကျွန်တော်... ကျွန်တော်ရဲ့ ငယ်သူငယ်ချင်း 'ကိုချစ်စိန်' ရဲ့ မင်္ဂလာဆောင်မှာ တစ်ကြိမ်တစ်ခါတည်းသာ...ဆုံစည်းတွေ့ဆုံနှုတ်ဆက်ခဲ့သည်မှာ ဆယ်စုနှစ်(၄)ခုတိုင်ခဲ့သော်လည်း . . .ယနေ့တိုင် ကျွန်တော့်ဘဝရဲ့ အားကျစံပြုခဲ့တဲ့ 'မြင်ဆရာ' တစ်ပါးအဖြစ်...ထာဝရ မမေ့နိုင်ပါ။

၁၀ တန်းကျောင်းသားဘဝ ဘာကျူရှင်မှ မယူနိုင်ခဲ့တဲ့ ကျွန်တော်အား ဘာသာရပ်ဆိုင်ရာ မှတ်စုစာအုပ်စာတမ်းတွေ... အမြတ်တနိုးကူညီပေးတတ်တဲ့သူက ဆရာကြီးရဲ့တပည့်ကိုအောင်သိန်း(RIT)ပါ၊ သူပေးခဲ့တဲ့ အနီရောင်ရဲရဲအဖုံး နဲ့သချ်ာစာအုပ်လေးဟာ (၄၆)နှစ်ကြာသည့်တိုင် ကျွန်တော့်ထံမှာ ရှိနေတာဟာ ခွဲခွာသွားခဲ့ပြီဖြစ်တဲ့ ဆရာကြီးကို သတိရဂါရဝမှတ်ကျောက်တစ်ခုပါဆရာ...။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ သုံးပါးအား အစဉ်မမေ့နိုင်တဲ့ မောင်မောင်တိုး(သချ်ာ) -တာမွေမြို့နယ်

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာကြည်ဆန်းထက်
### မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ အုတ်တွင်းမြို့
### အသက်(၅၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက် ၃၆၀/၂၄၊ အနောက်ရန်ကင်းဈေးအနီးနေ ဒေါ်မိုးသီတာ၏ခင်ပွန်းဖြစ်သူ ဒေါက်တာကြည်ဆန်းထက်သည် ၁၈-၉-၂၀၁၈ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာကြည်ဆန်းထက်
### မြို့နယ်ကုသရေးဦးစီးဌာနမှူး(အုတ်တွင်းမြို့)
### အသက်(၅၀)

ဒေါက်တာကြည်ဆန်းထက်သည် ၁၈-၉-၂၀၁၈ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၆-ပြည်သူ့ကျန်းမာရေးလူငယ်အခြေစိုက်လုပ်အားပေးအဖွဲ့ (ပုဂံညောင်ဦး)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်မာဆွေ၏မိခင် ဒေါ်ခင်ကြည် အသက်(၈၁)နှစ်သည် ၁၅-၉-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်၊ မြန်မာစာမိသားစု**

---

## ဒေါ်ခင်မိုးဟန်
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခ (၅၄)လမ်း၊ အမှတ် ၁၆၃နေ ဝဏ္ဏကျော်ထင် ဦးဗကလေး-ဒေါ်တင်တင်စုတို့၏သမီး၊ ဦးဝင်းထွဋ်-ဒေါ်ခင်မိမိ၊ ဒေါက်တာခင်မောင်ဇော်-ဒေါ်စမ်းနွဲ့တို့၏အစ်မ၊ တူ/တူမ ငါးယောက်တို့၏ကြီးကြီး၊ ဦးစံရ(ညွှန်မှူး၊ အကောက်ခွန်၊ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၂၀-၉-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ဦး
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ အရှေ့(၂)လမ်း၊ အမှတ် ၄၉၇နေ (ဦးမောင်ကို-ဒေါ်မမလေး)တို့၏သား၊ ဦးမောင်အေး-(ဒေါ်အေး)တို့၏သားသမက်၊ မအေးမြတ်သူ၊ မသန့်ရွှေစင်၊ မဖြိုးသီရိထွန်းတို့၏ဖခင်၊ ဒေါ်သန်းသန်းဦး၏ ခင်ပွန်းသည် ၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှညွန့်(ကော့မှူးမြို့) အသက်(၈၇)နှစ်
### (အနန္တဂုဏ်ရည် ပုံနှိပ်တိုက်)

ကော့မှူးမြို့၊ မြို့မရပ်နေ (ဆရာကြီးဦးသောင်း)၏ဇနီး၊ ဦးစိန်မြဦး-ဒေါ်ခင်မာဆွေ(မိုးကုတ်)၊ဦးစိန်လှ-ဒေါက်တာနှင်းနွယ်အေး၊ဦးသိန်းလွင်-ဒေါက်တာညွန့်ညွန့်မြင့်(မိုးကုတ်)၊ ဦးသိန်းဝင်း(ခေတ္တ-စင်ကာပူ)-ဒေါ်ခင်စန္ဒာအောင်၊ ဒေါ်မြင့်မြင့်မော်တို့၏မိခင်၊ ဗိုလ်ကြီးအောင်ပြည့်စုံဦး-မမြသက်မွန်၊ ဒေါက်တာအောင်ချိမ့်-ဒေါက်တာသက်ထက်မွန်၊ မစုသက်ထား၊ မနီလာမြင့်(ခေတ္တ-စင်ကာပူ)၊ နန္ဒအောင်၊ ဖြိုးမင်းသိန်းတို့၏အဘွား၊ လင်းမြတ်ဘုန်းခန့်၏ဘွားဘွားကြီးသည် ၁၉-၉-၂၀၁၈ရက်တွင် D-42၊ သဇင် ၆လမ်း၊ FMI CITY နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှ (ခရမ်းမြို့)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မလွကုန်းငွေကြွယ်(က)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၂၈နေ ဦးကျင်၏ချစ်လှစွာသောဇနီး၊ ဦးလှမြင့်-ဒေါ်တင်တင်(အောင်နိမိတ်ကုန်သေတ္တာသယ်ယူပို့ဆောင်ရေး)၊ ဦးမြင့်လွင်-ဒေါ်အေးအေးသန်း၊ ဦးကျင်ထွန်း-ဒေါ်သင်းသင်း၊ ဦးဝင်းထွန်း-ဒေါ်နွယ်နွယ်ဦး၊ ဦးတင်လွင်-ဒေါ်ယုစောလွင်လှိုင်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် နေအိမ်မှ ကွမ်တုန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၉-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီ မှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှ (ခရမ်းမြို့)
### အသင်းဝင်အမှတ်(၈၆၇)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ငွေကြွယ်(က)ရပ်ကွက်၊ အမှတ် ၂၈၊သမိန် ဗရမ်းလမ်းနေ ဦးကျင်၏ချစ်လှစွာသောဇနီး၊ ဦးလှမြင့်(ဘဏ္ဍာရေးမှူး၊ ခရမ်းမြို့နယ်အသင်း)-ဒေါ်တင်တင်တို့၏မိခင်သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် နေအိမ်မှ ရေဝေး ကွမ်တုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့
ခရမ်းမြို့နယ်အသင်း(ရန်ကုန်)

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှကြည် (ဟင်္သာတ)
### အသက်(၈၅)နှစ်

ဟင်္သာတမြို့၊ တာငါးဆယ်မြောက်ရပ်၊ အလယ်လမ်းနေ (ဦးဘိုးထွေး-ဒေါ်ယုံ)တို့၏သမီး၊ ဦးအေးကြူ-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ချို၊ ဦးစံငွေ-ဒေါ်ငွေသန်း၊ ဒေါ်ဝင်းငွေ၊ ဒေါ်မြမေ၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်ငွေ၊ ဦးမျိုးမြင့်ဝင်း-ဒေါ်အေးအေးထူး၊ ဦးကျော်မင်းထူး-ဒေါ်စိုးမိုးမိုးကြည်၊ ဦးမျိုးမင်းထူး-ဒေါ်ဝင့်သူလှိုင်တို့၏အဒေါ်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့)နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်း(ခ)ဒေါ်ခင်စန်း
### (ထားဝယ်အသင်းသား)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်း(အောက်)၊ အမှတ် ၁၂၂ (ပထမထပ်-ယာ)နေ (ဦးလူပု-ဒေါ်စော)တို့၏သမီး၊ (ဦးလှတင်သိန်း)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာဦးဝင်းမြင့်-ဒေါ်လှမျိုးနိုင်(ဇီဝကဆေးခန်း၊ တာမွေ)၊ (ဦးမျိုးသန့်)-ဒေါ်တင်တင်အုန်း၊ ဦးအောင်မင်း-ဒေါ်ချိုချိုသိန်းတို့၏မိခင်၊ ဒေါက်တာရဲဇာနည်အောင်၊ မောင်ဝေယံမျိုးသန့်၊ ဒေါက်တာအာကာမျိုးသန့်၊ မောင်ဇင်မျိုးသန့်တို့၏အဘွားသည် ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၈ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဦးမြသိန်း
### အသက်(၇၀)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၄လမ်း၊ အပိုင်း(၃)၊ အမှတ် ၅၃၇နေ (ဦးမောင်စံထွန်း-ဒေါ်အောင်မသာ)တို့၏သမီး၊ (ဦးကောင်းလှဖြူ-ဒေါ်လှသာ)တို့၏သမီးချွေးမ၊ ဦးသာနိုး၏ချစ်လှစွာသောဇနီး၊ ကိုကျော်ဆန်း(ခ)ကိုသာနိုးဦး-မနုနုငယ်၊ ကိုဝင်းခိုင်ထွေး-မမေယု(ခ)မသာနိုးမြ၊ ကိုဆန်းယု(ခ)ကိုသာနိုးသိန်း-မအေးအေးမြင့်တို့၏မိခင်၊ ဦးမောင်ကြီး-ဒေါ်ခင်ကြည်၊ ဦးမောင်ချေ-ဒေါ်ဘုမချေ၊ ဦးအောင်သန်းထွန်း-ဒေါ်မဝေ၊ ဦးမောင်ကျော်ယေ-ဒေါ်ခိုင်သိန်းညွန့်၊ ဦးမောင်သန်းမြ-ဒေါ်ဖြူဖြူဝေ၊ ဦးသန်းကျော်-ဒေါ်သီရိစိုး၊ ဦးမိုးခိုင်-ဒေါ်ဖြူယေတို့၏အစ်မ၊ မောင်ဖွဲ့ထက်နိုးဦး၊ မောင်မြတ်ခိုင်နိုးဦး၊ မောင်ခန့်ပိုင်နိုးဦး၊ မောင်ဘုန်းမြတ်နိုးဦးတို့၏အဘောင်ရင်သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့)နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ပင်းတယမြို့၊ ဆင်ဂေါင်းရပ်ကွက်နေ ဦးစောဦး ပ/၃၉၇၀ အသက်(၅၄)နှစ်သည် ၁၉-၉-၂၀၁၈ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ထွေ/အုပ်အပတ်စဉ်(၁၅)မှ သူငယ်ချင်းများ**

---

# အနိစ္စ

## ဒေါ်ကျော့သာ(ခ)
## ဒေါ်ကျော့ခင် (စစ်တွေမြို့)
### အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ သတ္တဌာနလမ်း၊ ဗိုလ်ကြီးဘိုးသာရွာနေ (ဦးကျော်ဇံလှ၊ ကုန်သွယ်လယ်ယာ၊ ငြိမ်း)၏ဇနီး၊ (ဦးဘိုးသာ-ဒေါ်မစောနု)တို့၏သမီး၊ (ဦးငမဲကြီး-ဒေါ်နှောင်းကြာ)တို့၏သမီးချွေးမ၊ (ဒေါ်သိန်းခင်)၊ (ဦးခင်မောင်)၊ ဒေါ်အုန်းခင်၊ ဦးမောင်သာခင်တို့၏အစ်မ၊ ဦးကဿာစာရ၊ ဦးတင်အောင်လှ (နယူးဇီးလန်နိုင်ငံ)၊ ဦးသန်းဖေလှ ဇနီး ဒေါ်မိနုထွေး (ဖင်လန်နိုင်ငံ)၊ ဦးအောင်ကျော်စိုး-ဒေါ်အေးမိစံ (နယူးဇီးလန်နိုင်ငံ)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘောင်ရင်သည် ၁၈-၉-၂၀၁၈ရက်မွန်းလွဲ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၉-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် အာကျိုက်တော်ကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အေးသန်း
### ရာ-၁၁၃၄
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆) ရပ်ကွက်၊ရန်ငြိမ်းလမ်းသွယ်(၁)၊ တိုက် ၂၃၆၊ အခန်း ၇နေ (ဦးဘိုအေး)၏ဇနီးသည် ၁၉-၉-၂၀၁၈ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၈ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးသိန်းမြင့်
### (ကထိက၊ ငြိမ်း၊ ဓာတုဗေဒဌာန၊ လားရှိုးတက္ကသိုလ်)
### အသက်(၇၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဝဲလောင်ကျေးရွာနေ(ဦးဘညို-ဒေါ်မင်းကလေး)တို့၏သား၊ (ဦးကျွဲ-ဒေါ်တင်မွေး)၊ မန္တလေးမြို့နေ ဦးဘစိုး-(ဒေါ်အမာ)၊ ဝဲလောင်ကျေးရွာနေ (ဒေါ်တင်ရွှေ)၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးမြို့နေ ဦးမင်းလွင်-ဒေါ်နန်းတင်လှတို့၏ညီ/မောင်၊ ဒေါက်တာကျော်ဇင်မြင့်(တာဝန်ခံဆရာဝန်၊ လူမှုဖူလုံရေးဆေးခန်း၊ လားရှိုးမြို့)-ဒေါ်နန်းနွမ်းခမ်း(မန်နေဂျာ၊ ဇေရာဝတီဘဏ်၊ လားရှိုး)၊ ရန်ကုန်မြို့နေ မနန်းစန္ဒီမြင့်၊ ဒေါက်တာဝဏ္ဏ - မနန်းလင်းနန္ဒာမြင့်တို့၏ဖခင်၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ မောစတားဟိုတယ်အဝင်လမ်းနေ ဒေါ်နန်းကြာယုံ(ကျောင်းအုပ်၊ငြိမ်း၊သူနာပြုသားဖွားသင်တန်းကျောင်း၊ လားရှိုးမြို့)၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ဒေါ်နန်းကြာယုံနေအိမ်မှ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမင်းဟန်ဦး (မော်လမြိုင်)
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျောက်မြောင်းရပ်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၆၆၊ ခုနစ်လွှာ ခြေရင်းခန်းနေ (ဦးသိန်းဦး)-ဒေါ်ခင်စောမြင့်တို့၏သား၊ (ဦးစိုးတင့်) - ဒေါ်မေသန်းတို့၏ သားသမက်၊ ဒေါ်မြင့်မြင့်စိုး၏ခင်ပွန်း၊ ဒေါ်ဇင်ဝါဦး၊ ဦးမိုးဇော်ဦး၊ ဒေါ်ဖြူပြာဦး၊ ဒေါ်ထားယုဦး၊ ဦးဇော်ထွန်းဦးတို့၏အစ်ကို၊မောင်ရဲထူးဟန်၊မောင်ချမ်းငြိမ်းဟန်၊ မရီနွယ်ဟန်တို့၏ ချစ်လှစွာသောဖခင်သည် ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၇း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၈ရက် (စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးမိုးသာ(ဦးသာတိုး)
### ဆသရ(ငြိမ်း)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဦးချိုလမ်း၊ အမှတ် ၂၂နေ (ဦးသာချိတ်-ဒေါ်သာပွင့်)တို့၏သား၊ ဒေါ်ဖီးလစ်မိုးသာ၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်လှသာသာ)၏မောင်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ခင်၊ ဒေါ်အေးမေချစ်(မမာနူး)-ဦးခင်မောင်ထူး၊ ဒေါ်မေသန်းချစ်(ဂျူးနီ)-Rich Sautes၊ FR.Paul ဦးပေါ်ထွန်းလွင်၊မောင်ဆမ်ဆင်းတို့၏ချစ်လှစွာသောဖခင်၊မောင်ဉာဏ်လင်းထူး၊ Ambrose ၏အဘိုးသည် ၂၁-၉-၂၀၁၈ရက် နံနက် ၆း၁၅နာရီတွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မြေနီကုန်း OUR LADY OF FATIMA ကတ်သလစ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [၂၂-၉-၂၀၁၈ရက် ည ၇နာရီတွင် ကမာရွတ်နှစ်ခြင်းအသင်းတော်၌ နှစ်သိမ့်စည်းဝေးရှိပါသည်။ နေအိမ်နှင့် ဘုရားကျောင်းမှကားများ ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးတင်ဖေ(ငြိမ်း) အသက်(၈၃)နှစ်
### လေ/၁၂၀၆
### UMFCCI၊ အမှုဆောင်နာယက၊ (ဇီးကုန်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်း၊ အခန်း ၉၊ တိုက် ၂၅၄နေ (ဦးစိန်-ဒေါ်လှဖြူ)တို့၏သား၊ ဒေါ်ယဉ်ယဉ်မေ၏ခင်ပွန်း၊ ဦးအောင်အောင်-ဒေါ်ချယ်ရီ၊ ဦးစံရွှေမောင်-ဒေါ်မာလာ၊ ဦးနေထွန်း-ဒေါ်စပယ်မြင့်၊ ဦးကျော်စိုးမိုး-Phannee Therdthong၊ ဦးကိုကိုလွင်-ဒေါ်သဇင်(ခေတ္တ-UK)တို့၏ ချစ်လှစွာသောဖခင်၊ မောင်အုပ်စိုးခန့်၊ မဘုရဏီအောင်၊ Tan,Ton၊ မောင်ဇေယျာမင်းတို့၏အဘိုးသည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁း၃၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညိုညို
### B.Ed, စနစ်သစ် (72 batch)
### အသက်(၇၂)နှစ်

(ဦးလှဖေ-ဒေါ်တင်ရွှေ)တို့၏တစ်ဦးတည်းသောသမီး၊ (ဦးအောင်ကြည်-ဒေါ်ခင်ဥ)တို့၏သမီးချွေးမ၊ ရွှေပြည်သာမြို့နယ်၊ သဇင်လမ်းသွယ်(၃)၊ အမှတ် (၁၅/၁၇၅)နေ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးရဲမျိုးလွင်(ငြိမ်း)၊ မသန္တာလွင်၊ မအေးသီတာညိုတို့၏ချစ်လှစွာသောမိခင်သည် ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၈ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Steven Mang Sawm Pau အသက်(၆၇)နှစ်
### တပ်ကြပ်ကြီး (စာရေး-ငြိမ်း)၊ (Sukte Beh, Gamngai)
### (Yangon Chin Catholic Fellowship)

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နေ ဂမ်ငိုင်ရွာသူကြီး(Pu Khup Za Mang-Pi Ciin Khaw Lun)တို့၏မြေး၊ (Pu Khup Khan Pau - Pi Kai Za Ciin) တို့၏သား၊ (ဗိုလ်ကြီးမာတန်နှင့်ဒေါ်ထူး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဣစ္ဆာသယလမ်း၊ တိုက် ၅၂ (အပေါ်ဆုံးထပ်)နေ ဒေါ်ခွန်းရီ(ခ) Pi Man Khaun Niang ၏ ချစ်လှစွာသောခင်ပွန်း၊ Pa Pau Thawn Mung @ အောင်အောင် - Nu Cin Lam Man, Pa Thawng Lam Cin @ နော်အောင် - Nu Lun San Kim, Tg.Mang Suan Khai @ ဂျိုးဆက်၊ Lia Ciin Man Lian @ လျှန်နူး, Lia Cing Ngaih Nuam @ လုမိုင်, Lia Lun Muan Kim@ ကိုင်မ်နူး, Tg.Mang Sian Kop @ ကွပ်ပီးတို့၏ချစ်လှစွာသောဖခင်၊ Lia Lun Tul Niang ၏မောင်၊ Pi Zam Suan Cing (နယူးဇီလန်)-(Pu Lian Suan Mang), Pi Man Lian Lun-Pu Suan Khaw Thang (စစ်တောင်းရိပ်မွန်) တို့၏အစ်ကို၊ မြေးလေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၉-၂၀၁၈ရက် နံနက် ၂း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရှိ Our Lady of Fatima Church ၌ ဝတ်ပြုဆုတောင်းပြီးနောက် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ယုဇနဥယျာဉ်မြို့တော်၊ ပိတောက်ကွေ့မှတ်တိုင်မှ နံနက် ၁၁း၃၀နာရီနှင့် ဆူးလေဇမာနွေလရေ့မှ မွန်းလွဲ ၁၂း၃၀နာရီတို့တွင်ကားများ ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်အောင် အသက်(၆၂)နှစ်
### အထက်တန်းပြ(ကျောင်းဆရာ)(အငြိမ်းစား)
### အမက(ဖဲခမဲ)၊ အလက(တော်လန်း)၊ အထက(ခနောင်)
### အထက(တ/ဒဂုံ)၊ အထက(၄) (မ/ဒဂုံ)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သစ္စာလမ်းမကြီး၊ အမှတ် ၆၈၅နေ(ဦးဆင်-ဒေါ်ခင်မေ)၊(ဦးသောင်းကြွယ်-ဒေါ်ခင်နု)တို့၏သားသမက်၊ ဦးဝင်းတင်-ဒေါ်သန်းသန်းရီတို့၏အစ်ကို၊ ဒေါ်မြအေးကြွယ် [မြို့နယ်သူနာပြုအဆင့်(၁)၊ ဒဂုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန]၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးခိုင်တိုးမြင့်-ဒေါ်နီနီအောင် [မူပြ၊ အမက(၆)မူလွန်၊ တ/ဒဂုံ မြို့နယ်]၊ ဒေါ်မီမီမြင့်(လက်ထောက်ဦးစီးမှူး၊ငါးလုပ်ငန်းဦးစီးဌာန)တို့၏ဖခင်၊ မရွှန်းပြည့်အောင်၏အဘိုး၊ တူ/တူမ သုံးယောက်တို့၏ဘဘသည် ၂၁-၉-၂၀၁၈ရက်(သောကြာနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းသန်းဝင်း
### အသက်(၄၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ ဈေးကလေးလမ်း၊ အမှတ် ၁၉၅နေ(ဦးစိန်တင်-ဒေါ်မြရွှေ)၊ ဒေါ်ခင်ကြည်တို့၏သမီး၊ ဦးအေးရွှေ၊ ဒေါ်ကြည်ကြည်မြင့်တို့၏ညီမ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်(ချယ်ရီအိမ်ရာ)၊တိုက် ၅၃၆၉၊ အခန်း ၂၁နေ မောင်ရာဇာထွန်း၊ မောင်ဇေယျာလင်းတို့၏မိခင်၊ မှူးခင်းရဲတပ်ဖွဲ့ ရဲအုပ်ရွှေဝင်း၏ဇနီးသည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၉-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တွံတေးတူးမြောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လာမည့်နှစ်တွင် စီမံကိန်း စတင်ဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၂၁**

တွံတေးတူးမြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ရာ ၂၀၂၅ ခုနှစ်ခန့်တွင် ပြီးစီးနိုင်ရန် မျှော်မှန်းထားကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးအောင်ကျော်မှူးက ပြောသည်။

"၂၀၁၉ ခုနှစ်လောက်ကစပြီး ၂၀၂၅ ခုနှစ်လောက်မှာ ပြီးမယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားပါတယ်။ ဒီထက်လည်း စောပြီး ပြီးနိုင်ပါတယ်" ဟု ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ယနေ့ ပြုလုပ်သော တူးမြောင်းစီမံကိန်းနှင့်ပတ်သက်၍ အများပြည်သူသို့ ထုတ်ဖော်တင်ပြခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း အစည်းအဝေးအပြီးတွင် သတင်းမီဒီယာများသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုအခါ တွံတေးတူးမြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကိုရီးယားနိုင်ငံ ISAN ကော်ပိုရေးရှင်းနှင့် သယံဇာတနှင့် ဝန်းကျင်မြန်မာကုမ္ပဏီတို့က စီမံကိန်းနေရာများဖြစ်သည့် ဒလ၊ ဆိပ်ကြီးခနောင်တို၊ တွံတေးမြို့နယ်များသို့ သွားရောက်၍ ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်၌ တွံတေးတူးမြောင်းဝဲယာရှိ ကျေးရွာများတွင် ဒီရေသက်ရောက်မှုရှိသဖြင့် ရေကြီးနစ်မြုပ်မှု ခံစားရကာ စိုက်ပျိုးမြေများ ပျက်စီးခြင်း၊ သောက်သုံးရေ အရည်အသွေးကျဆင်းခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း၊ လူမှုစီးပွား ဆုံးရှုံးနစ်နာခြင်းများအပြင် ဒီရေကျချိန်တွင် ရေစီးနှုန်းများပြားလွန်းခြင်း၊ တူးမြောင်းကြမ်းပြင် နိမ့်-မြင့် ကွာဟလွန်းခြင်း၊ တွံတေးတူးမြောင်း(၀)မိုင်နှင့် ခနောင်တိုချောင်းဆုံရာတွင် တူးမြောင်းကမ်းပါးတိုက်စားခြင်း၊ တူးမြောင်းကြမ်းပြင်အား ဝဲလှည့်တိုက်စားခြင်း၊ ရေစစ်ချိန်တွင် ရေအနက် ၉၅ ပေကျော်ရှိ ရေနက်အိုးဖြစ်ပေါ်လျက်ရှိပြီး ရေစီးအားပြင်းထန်ခြင်းစသော အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၅* ✤

# မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် Canal Plus Sports ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်

ရန်ကုန် စက်တင်ဘာ ၂၁

**မြန်မာ့အားကစားကို ကမ္ဘာကသိရှိစေရန် ဆောင်ရွက်နေချိန်တွင် မြန်မာ့ရိုးရာလက်ဝှေ့အားကစားကိုလည်း ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် CANAL + SPORTS ရုပ်သံလိုင်းသစ်မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာပလာဇာလေးလွှာ၌ ကျင်းပသော စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားမှ သိရသည်။**

Canal + Myanmar ၏ အမှုဆောင်အရာရှိချုပ် မစ္စတာ Erwan နှင့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇင်ဦး၊ World Lethwei Championship ဥက္ကဋ္ဌ ဦးဇေသီဟ၊ H and S Group ဒါရိုက်တာ ဦးစိုင်းဇော်ဇော်၊ Great Tiger Group မှ လေးလေးကျားနှင့် Canal + Myanmar FG မှ ရုပ်သံလိုင်းမန်နေဂျာ မမေဝါလွင်တို့က အမှာစကား အသီးသီးနှင့်အတူ တိုက်ရိုက်ထုတ်လွှင့်ပြသမည့် လက်ဝှေ့ပွဲစဉ်များအကြောင်းကို ရှင်းလင်း ပြောကြားသည်။

"မြန်မာ့လက်ဝှေ့ကို ကမ္ဘာကသိဖို့ စီမံကိန်း လိုမယ်။ တိုက်ရိုက်ထုတ်လွှင့်

*စာမျက်နှာ ၅ ကော်လံ ၅* ❍



# အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အိမ်ရှင်နီပေါကို မြန်မာက ၁၁ ဂိုးသွင်းပြီး အနိုင်ယူ

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (င) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက နီပေါနိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းက နီပေါ ယူ-၁၆ အမျိုးသမီးအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် တိုက်စစ်စွမ်းရည်ပြကာ နီပေါအသင်းကို အနိုင်ရခဲ့ပြီး ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရရန် နီးစပ်သွားခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (င) ၌ မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ ခြောက်မှတ်စီရထားပြီး ဂိုးကွာခြားချက်တွင် အသာရထားသောကြောင့် နောက်ဆုံးပွဲတွင် သရေကျရုံဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမပိုင်းတွင် ၁၀ ဂိုးသွင်းနိုင်သော်လည်း ဒုတိယပိုင်းတွင် တစ်ဂိုးသာရသောကြောင့် ၁၁ ဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် မလေးရှားကို အနိုင်ရသည့် ပွဲထွက်လူစာရင်းအား အပြောင်းအလဲအချို့သာ ပြုလုပ်ပြီး အိမ်ရှင်နီပေါအသင်းကို ရင်ဆိုင်ခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၄ မိနစ်တွင် ဂိုးစရသလို ဂိုးများဆက်တိုက်သွင်းယူနိုင်သောကြောင့် ပထမပိုင်းမှာပင် ၁၀ ဂိုးပြတ် အနိုင်ရနေသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းအတွက် အဖွင့်ဂိုးကို ၄ မိနစ်တွင် ဇင်မာထွေးက သွင်းယူပြီး ၅၊ ၇ မိနစ်တွင် ဆွေမာအောင်၊ ၉ မိနစ်တွင် မြတ်နိုးခင်တို့က သွင်းယူ၍ ပွဲအစ ၁၀ မိနစ်မှာပင် လေးဂိုးရရှိနေသည်။ ၁၀ မိနစ်အတွင်း လေးဂိုးရခဲ့သည့် မြန်မာအသင်းသည် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၁၈၊ ၂၁၊ ၃၈ မိနစ်တွင် ဆွေမာအောင်၊ ၂၉၊ ၃၃ မိနစ်တွင် မြတ်နိုးခင်၊ ၃၁ မိနစ်တွင် ဝေဖူးအိမ်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ပထမပိုင်းလောက် တိုက်စစ်ဆင်နိုင်ခြင်းမရှိတော့ဘဲ ၆၂ မိနစ်တွင် ပုံ့ပုံ့ပြည့်မောင် သွင်းယူသည့် တစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။ နီပေါအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၇၀ တွင် သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု (င) ၌ မြန်မာနှင့် ဖိလစ်ပိုင်အသင်းက ခြောက်မှတ်စီ ရထားပြီး မလေးရှားနှင့် နီပေါအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် ဖိလစ်ပိုင်နှင့် ကစားရမည်ဖြစ်ပြီး သရေကျရုံဖြင့် ဒုတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- MFF**



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းနှင့် ရေမိုင်လှည့်ကင်းများ ဆောင်ရွက် စာ » ၁၂

မံစီ၊ မိုင်းရှူး၊ လားရှိုးနှင့် ရပ်စောက်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ စာ » ၁၃

# ဆူဇူကီးဖြိုင်ပွဲမှ မြန်မာနှင့် ကမ္ဘောဒီးယားပွဲကို မန္တလေးမြို့၌ ကျင်းပခွင့်ရရှိ

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်း အိမ်ကွင်းလက်ခံကစားရမည့် အုပ်စုနှစ်ပွဲအနက် ကမ္ဘောဒီးယားနှင့်ပွဲကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပခွင့်ရရှိခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အိမ်ကွင်းနှစ်ပွဲအနက် ကမ္ဘောဒီးယားနှင့်ပွဲကို မန္တလာသီရိကွင်း၊ ဗီယက်နမ်နှင့်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပခွင့်ရရန် အာဆီယံဘောလုံးအဖွဲ့ချုပ်ထံ တင်ပြခဲ့ရာ ဩဂုတ်လက ယင်းနှစ်ကွင်းစလုံးအား လာရောက်စစ်ဆေးခဲ့သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ-ကမ္ဘောဒီးယားပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တောင်းဆိုသည့်အတိုင်း မန္တလေးမြို့ မန္တလာသီရိကွင်း၌ ကျင်းပခွင့်ပြုခဲ့သော်လည်း ကုန်ကျစရိတ်များကို ကျခံရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စု (က) ၌ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုတို့နှင့် ကျရောက်နေပြီး အုပ်စုပွဲများအနက် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်ပွဲကို အိမ်ကွင်း၊ မလေးရှားနှင့် လာအိုပွဲကို အဝေးကွင်းကစားရမည် ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖

